ကြေးမုံ

၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက် (ကြာသပတေးနေ့)

အထူးထုတ်

# ပြည်ထောင်စုနေ့



# ဤမြေ ဤမြေ တို့ပိုင်သည့်မြေ

**နေမင်းသျှင်**

ကမ္ဘာဦးအစကပင် လူဆိုသည်မှာ အစုနှင့်အပေါင်းနှင့် နေထိုင်ရှင်သန်ခဲ့ကြသည့် သတ္တဝါများ ဖြစ်ကြသည်။ အခြားသော သက်ရှိသတ္တဝါများနှင့်မတူဘဲ ဉာဏ်ရည်အမြင့်မားဆုံးသော အဆင့်မြင့်သက်ရှိဖြစ်သည့်အလျောက် စုပေါင်းနေထိုင်ကြသည့် လူတို့မှာ တိရစ္ဆာန်အုပ်စုများနှင့်မတူ။ အခြေခံအကျဆုံးသော လူ့အဖွဲ့အစည်းမှာ မိသားစုဖြစ်သည်။ သွေးတူ၊ သားတူ မိသားစုများ စုပေါင်းသည့်အခါ ဆွေမျိုးများဖြစ်လာသည်။ တူရာဆွေမျိုးတို့ စုပေါင်းနေထိုင်သည့်အခါ မျိုးနွယ်စုများ ဖြစ်လာသည်။ မျိုးနွယ်စုများ ကြီးပွားတိုးတက်လာပြီး အတူတကွ ကျယ်ကျယ်ပြန့်ပြန့် စုပေါင်းနေထိုင်လာကြသည့်အခါ ဘာသာစကား၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု စသည့် တူညီမှုတို့အပေါ် အခြေပြု၍ လူမျိုးစုဟူ၍ ဖြစ်လာသည်။ ဆွေမျိုးစုများ၊ မျိုးနွယ်စုများ၊ လူမျိုးစုများ အေးအတူပူအမျှ နှစ်ရှည်လများ အတူတကွ စုပေါင်းနေထိုင်လာကြသည့်အခါ လူမျိုးဖြစ်လာသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် ၁၃၅ မျိုးသော မျိုးနွယ်စုတို့စုပေါင်းကာ မြန်မာဟူ၍ ဖြစ်လာသကဲ့သို့ပင် ဖြစ်သည်။

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများစွာတို့မှာ လူမျိုးတစ်မျိုးထက်မက စုပေါင်းနေထိုင်ကြခြင်းဖြစ်ပြီး မိမိတို့၏ ရေမြေ ပထဝီဝင်အနေအထား၊ သမိုင်းကြောင်း၊ ဓလေ့ထုံးစံ စသည်တို့ကို အခြေပြု၍ နိုင်ငံများကို ဖွဲ့စည်းတည်ထောင်ကြရာတွင် တစ်ပြည်ထောင်စနစ်၊ ပြည်ထောင်စုစနစ်၊ နိုင်ငံစုစနစ် စသည်ဖြင့် တည်ထောင်ထားကြသည်ကို ယေဘုယျအားဖြင့် တွေ့ရှိနိုင်သည်။ တစ်ပြည်ထောင်စနစ်သည် အာဏာကို ဗဟိုအာဏာပိုင် တစ်ခုတည်းက ကျင့်သုံးခြင်းဖြစ်ပြီး မိမိတို့၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အာဆီယံနိုင်ငံများဖြစ်ကြသည့် အင်ဒိုနီးရှား၊ စင်ကာပူ၊ ဘရူနိုင်း စသည်တို့မှာ တစ်ပြည်ထောင်စနစ် ကျင့်သုံးသည့် နိုင်ငံများဖြစ်ကြသည်။ ယင်းနိုင်ငံတို့မှာ လူမျိုးတစ်မျိုးတည်းမက နေထိုင်ကြခြင်းဖြစ်သော်လည်း တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးခြင်းဖြစ်သည်ကို တွေ့ရှိနိုင်သည်။

## ပြည်ထောင်စုစနစ်

ပြည်ထောင်စုစနစ်တွင် ပြည်နယ်များပါဝင်ဖွဲ့စည်းထားပြီး ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့အကြား ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာကိုခွဲဝေကျင့်သုံးကြခြင်းဖြစ်သည်။ ပြည်ထောင်စုစနစ်ကျင့်သုံးသည့် နိုင်ငံများတွင် မိမိတို့ မြန်မာနိုင်ငံအပါအဝင် အိန္ဒိယ၊ အမေရိကန်၊ ရုရှား၊ မလေးရှား၊ ဘရာဇီး၊ ဗင်နီဇွဲလား၊ မက္ကဆီကို၊ ကနေဒါ၊ ဂျာမနီ၊ ဩစတြီးယားစသည့် နိုင်ငံများပါဝင်သည်။ ပြည်ထောင်စုစနစ်တွင်လည်း ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့အကြား အာဏာခွဲဝေပုံကိုလိုက်၍ ပြည်ထောင်စုပုံစံအမျိုးမျိုး ကွဲပြားခြားနားကြသည်ကို တွေ့ရှိနိုင်သည်။ တစ်ပြည်ထောင်၊ ပြည်ထောင်စု၊ နိုင်ငံစု စသည်ဖြင့်မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ အားနည်းချက်၊ အားသာချက်များရှိနေပြီး နိုင်ငံတည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ကိုက်ညီဆီလျော်မည်ဟု ယုံကြည်သည့်စနစ်ကို ကျင့်သုံးကြခြင်းသာလျှင် ဖြစ်သည်။

ဤတွင် ပြည်နယ်များ သီးခြားစီမရပ်တည်ဘဲ ပြည်ထောင်စုတစ်ခုအဖြစ် စုစည်းရပ်တည်ကြရခြင်းသည် လူ့သမိုင်းအစကကဲ့သို့ပင် လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သောအင်အားကို ရရှိနိုင်ရန်ပင်ဖြစ်သည်။ တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့်ယူသော်ရ၏ ဟူသကဲ့သို့ပင် စုစည်းညီညွတ်စွာနေထိုင်ခြင်းက အန္တရာယ်ကို ကာကွယ်နိုင်စွမ်းမြင့်မားပြီး စုပေါင်းညီညာစွာ လုပ်ကိုင်ဆောင်ရွက်ခြင်းက အကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေနိုင်ခြင်းကြောင့်ဖြစ်သည်။

## နိုင်ငံတစ်နိုင်ငံ၏ အင်အား

နိုင်ငံတကာဆက်ဆံရေးရှုထောင့်မှ ကြည့်ပါက ပထဝီနိုင်ငံရေးဆိုင်ရာ အချက်အလက်များဖြစ်သော နယ်မြေအကျယ်အဝန်း(Size)၊ တည်နေရာအနေအထား (Location)၊ ရာသီဥတုအခြေအနေ (Climate)၊ မြေမျက်နှာသွင်ပြင် အနေအထား(Topography)၊ လူဦးရေတည်ရှိမှုပုံစံ(Demography)၊ သဘာဝသယံဇာတ ခိုအောင်းမှု(Natural Resources) တို့က နိုင်ငံခြားရေးမူဝါဒအပေါ်တွင် လွှမ်းမိုးသည်။ နိုင်ငံပိုင်နက်နယ်မြေ ကျယ်ဝန်းကြီးမားသည်နှင့်အမျှ နိုင်ငံ၏ပါဝါသည်လည်း အလိုလိုကြီးမားသည်။ ဥပမာ ရုရှား၊ တရုတ်၊ အိန္ဒိယ၊ အမေရိကန်၊ ကနေဒါ၊ ဘရာဇီး၊ ဩစတြေးလျ စသည့် နိုင်ငံများနှင့် အခြားနိုင်ငံငယ်များကို နှိုင်းယှဉ်ကြည့်နိုင်သည်။

တစ်ဖန် ကုန်းတွင်းပိတ်နိုင်ငံ၊ ကမ်းရိုးတန်းပိုင်ဆိုင်သည့် နိုင်ငံ၊ ကျွန်းနိုင်ငံစသည့် တည်နေရာ အနေအထားကလည်း အရေးပါသည်။

အထူးကဏ္ဍ [ ၈ ] သို့ »»

❝ ပြည်နယ်များ သီးခြားစီမရပ်တည်ဘဲ ပြည်ထောင်စုတစ်ခုအဖြစ် စုစည်းရပ်တည်ကြရခြင်းသည် လူ့သမိုင်းအစကကဲ့သို့ပင် လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သောအင်အားကို ရရှိနိုင်ရန်ပင်ဖြစ်သည်။ တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့်ယူသော်ရ၏ ဟူသကဲ့သို့ပင် စုစည်းညီညွတ်စွာ နေထိုင်ခြင်းက အန္တရာယ်ကို ကာကွယ်နိုင်စွမ်းမြင့်မားပြီး စုပေါင်းညီညာစွာ လုပ်ကိုင်ဆောင်ရွက်ခြင်းက အကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေနိုင်ခြင်းကြောင့်ဖြစ်သည်။ ❞





၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား ကျင်းပစဉ်။





နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုဖြစ်ပြီး အနာဂတ်ခေါင်းဆောင်များဖြစ်သော ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များပေါ်ထွက်လာစေရန် ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်-၂၀၂၆ တွင် တက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြသည့် လူငယ်များကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

ကုန်းတွင်းပိတ်နိုင်ငံများမှာ ပင်လယ်ထွက်ပေါက်မရှိခြင်းနှင့်အတူ အားနည်းချက် အများအပြားရှိကြသည်ကို မှန်းဆကြည့်ရုံမျှနှင့် သိနိုင်သည်။ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကို လိုက်လိုက်လျောလျောဖြင့် ညှိနှိုင်းဆက်ဆံနေရသည်။ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်ထက် နိုင်ငံရှင်သန်ရပ်တည်နိုင်ရေးအတွက်ပင်လျှင် အိမ်နီးချင်းနိုင်ငံကို မှီခိုကြရသည်။ ပင်လယ်ကမ်းရိုးတန်းပိုင်ဆိုင်သည့် နိုင်ငံမှာမူ အဖိုးတန်သည့်အနေအထားတစ်ရပ်ကို ပိုင်ဆိုင်ထားခြင်းပင်ဖြစ်သည်။ ပင်လယ်သည် သဘာဝအတားအဆီးတစ်ရပ်ဖြစ်သကဲ့သို့ သယံဇာတပိုင်ဆိုင်မှု၊ ရေကြောင်းသွားလာမှု၊ ကုန်စည်ကူးသန်းမှုနှင့် ရေတပ်အင်အားတည်ဆောက်နိုင်ရန် အခွင့်အလမ်းတို့ကို ရရှိစေသည်။

နိုင်ငံတစ်နိုင်ငံ၏ ရာသီဥတုသည် ပူလွန်းခြင်း၊ အေးလွန်းခြင်းတို့က အားနည်းချက်များဖြစ်ပြီး ရာသီဥတုမျှတခြင်းက စိုက်ပျိုးရေး၊ မွေးမြူရေးတို့ကို ဖြစ်ထွန်းစေသကဲ့သို့ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေသည်။ မြေမျက်နှာသွင်ပြင် အနေအထားကလည်း နိုင်ငံအတွက် အားသာချက်၊ အားနည်းချက်များကို ဖြစ်ပေါ်စေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှုအပေါ် အကျိုးသက်ရောက်မှုရှိသည်။

နိုင်ငံ၏ပါဝါ သို့မဟုတ် နိုင်ငံ့အင်အားကြီးမားရေးအတွက် အရေးပါသည့်အချက်မှာ ထိုနိုင်ငံ၏ လူဦးရေတည်ရှိမှုပုံစံ (Demography)ဖြစ်သည်။ နိုင်ငံတွင် လူဦးရေများပြားမည်၊ ထိုလူဦးရေတွင် အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေများပြားပြီး အလုပ်လုပ်နိုင်စွမ်းလည်း မြင့်မားမည်၊ ထို့အပြင် လူ့စွမ်းအားအရင်းအမြစ်(Human Resources)ခေါ် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှု မြင့်မားသော အင်အားစုကိုလည်း ပိုင်ဆိုင်ထားမည်ဆိုလျှင် ထိုလူဦးရေကို အကျိုးရှိရှိ ထိရောက်စွာ အသုံးချနိုင်သည်နှင့် အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်သာဖြစ်သည်။ အရေအတွက်များသကဲ့သို့ အရည်အသွေးလည်း မြင့်မားသည့် လူသားအရင်းအမြစ်မှာ နိုင်ငံအတွက် အဖိုးတန်ရတနာတစ်ပါးပင်ဖြစ်ပါပေသည်။

မိမိတို့မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှာ လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်စီ ပိုင်ဆိုင်ထားကြသည့် ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံများဖြစ်ကြပြီး ပိုင်နက်နယ်မြေအားဖြင့်လည်း ကျယ်ဝန်းသည့် နိုင်ငံကြီးများဖြစ်ကြသည်။ နိုင်ငံကြီးမားပြီး လူဦးရေများပြားသလို လူ့စွမ်းအားအရင်းအမြစ် ထွန်းကားခြင်းနှင့် စီးပွားရေး တိုးတက်မြင့်မားလာခြင်းတို့ကြောင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအဖြစ် တက်လှမ်းနေကြသည့် နိုင်ငံကြီးများလည်းဖြစ်သည်။

သဘာဝသယံဇာတ ပိုင်ဆိုင်မှုသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယှဉ်တွဲနေသည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် သဘာဝသယံဇာတများ ပိုင်ဆိုင်ထားမှုက ချမ်းသာကြွယ်ဝရေးအတွက် အကြောင်းတရားဖြစ်သော်လည်း ထိုအကြောင်းကို အကျိုးဖြစ်လာစေရန်မှာ ထိုနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ကသာ ဖော်ဆောင်ပေးနိုင်ခြင်းဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့် ပထဝီနိုင်ငံရေးဆိုင်ရာ အချက်(၆)ချက်တွင် မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံသည် မည်သည့်အချက်နှင့် ကိုက်ညီသည်ကို လေ့လာကြည့်မည်ဆိုပါက မည်မျှပြီးပြည့်စုံမှုရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်သကဲ့သို့ နှစ်ပေါင်းထောင်ချီသည့် နိုင်ငံ့သမိုင်းတစ်လျှောက် ဤအခြေအနေသို့ ရောက်ရှိအောင် စွမ်းဆောင်ခဲ့ကြသည့် ဘိုးဘေးတို့၏ ဂုဏ်ကျေးဇူးတို့ကိုလည်း အောက်မေ့သတိရကြရန်လိုသည်။

**နိုင်ငံတည်ဆောက်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် အရေးကြီးသည့်အလျောက် အစိုးရအဆက်ဆက် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းခဲ့သည့်တိုင် အကြောင်းအမျိုးမျိုး၊ ပယောဂအမျိုးမျိုးတို့ကို အကြောင်းပြု၍ လက်နက်ကိုင်ပဋိပက္ခတို့မှာ မငြိမ်းနိုင်သော မီးတောက်များအဖြစ် ဆက်လက်တောက်လောင်နေဆဲဖြစ်သည်။ အကျိုးဆက်အနေဖြင့် မိမိတို့နိုင်ငံသည် အခွင့်အလမ်းများ ပိုင်ဆိုင်ထားပါလျက်နှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းက နိုင်ငံသူ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများအပေါ်တွင် တိုက်ရိုက်အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေ**

အရှေ့တောင်အာရှဒေသ၏ ပင်မကုန်းမြေတွင်တည်ရှိသော နိုင်ငံများအနက် ပိုင်နက်နယ်မြေ အကျယ်ဝန်းဆုံးနိုင်ငံဖြစ်သကဲ့သို့ တည်နေရာ အနေအထားအရ တောင်အာရှနှင့် အရှေ့တောင်အာရှကို ပေါင်းကူးပေးသည့် နေရာတွင်ရှိခြင်း၊ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်း များကို ပိုင်ဆိုင်ထားပြီး အရေးပါသော ကမ္ဘာ့ကုန်သွယ် ပင်လယ်ရေလမ်းကြောင်းကို ထိန်းချုပ်နိုင်သည့် အချက်အချာ နေရာကို ပိုင်ဆိုင်ထားခြင်း၊ မကြာတော့သည့် အနာဂတ်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ ဖြစ်လာတော့မည့် တရုတ်နှင့် အိန္ဒိယနိုင်ငံကြီးများနှင့် နယ်နိမိတ်ချင်း ထိစပ်နေခြင်း စသည်တို့က မြန်မာနိုင်ငံကို ပထဝီနိုင်ငံရေးအရ ပို၍ အရေးပါလာစေသည်။ ရာသီဥတု အခြေအနေနှင့် မြေမျက်နှာသွင်ပြင်တို့ အနေဖြင့်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးတို့ အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်နိုင်သည့် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားသည်။ မြေကြီးကို ဆွပေးရုံမျှဖြင့် ကောက်ပင်တို့ နိုးထလာသည့် တိုင်းပြည်ဟုပင် ပြည်ပစာဆိုတစ်ဦးက တင်စားဖွဲ့ဆိုခဲ့ဖူးသည်။

ပြောစရာရှိသည်မှာ နိုင်ငံ့လူဦးရေတည်ရှိမှုပုံစံဖြစ်သည်။ လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကနှင့် နှိုင်းယှဉ်လျှင် လူဦးရေမှာ တိုးမလာဘဲ ကျဆင်းလာသည်။ တစ်ဖက်တွင်လည်း အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ရှိသော လူဦးရေ အချိုးအစား မြင့်မားခြင်းကြောင့် ရရှိထားသည့် လူဦးရေဆိုင်ရာဆုလာဘ်ကို အကျိုးရှိရှိ အသုံးချနိုင်ရန် လိုအပ်နေသည်။ ပျမ်းမျှ အမျိုးသားပညာရည်အဆင့်အတန်းမှာ အလယ်တန်းအဆင့်မျှသာရှိနေပြီး ကျောင်းထွက်နှုန်းမြင့်မားနေခြင်း၊ ကျောင်းလုံးဝမနေဖူးသူများ များပြားနေခြင်း စသည်တို့က မဖြစ်မနေကိုင်တွယ်ဖြေရှင်းသွားရမည့် လုပ်ငန်းများဖြစ်နေသည်။ ပြည်တွင်းမှ အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ရှိသူ အများအပြားရွှေ့ပြောင်းလုပ်သားအဖြစ် ပြည်ပထွက်ခွာနေကြခြင်းက နိုင်ငံအတွက် လုပ်သားအင်အားပမာဏကို ယုတ်လျော့စေသည်ဖြစ်ရာ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းဖြင့် ထိန်းချုပ်နိုင်ရန် လိုအပ်နေသည်။

မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် နိုင်ငံငါးနိုင်ငံရှိသည့် အနက် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှာ ကမ္ဘာတွင် လူဦးရေအများဆုံး နိုင်ငံကြီးများဖြစ်ပြီး

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ဂ ] မှ

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကမ္ဘာပေါ်တွင် လူဦးရေအထူထပ်ဆုံးနိုင်ငံ ဖြစ်နေသည်။ ကျန် ထိုင်းနှင့် လာအို နှစ်နိုင်ငံအနက် ထိုင်းနိုင်ငံမှာ မြန်မာနိုင်ငံထက် လူဦးရေများပြားသော နိုင်ငံဖြစ်နေပြီး လာအိုတစ်နိုင်ငံသာလျှင် နိုင်ငံငယ်သလို လူဦးရေနည်းပါးနေခြင်းဖြစ်သည်။

**မျက်မှောက်ကမ္ဘာ အပြောင်းအလဲ**

မျက်မှောက်ကမ္ဘာကြီး၏ အပြောင်းအလဲများမှာ မျက်ခြည်မပြတ် စောင့်ကြည့်နေကြရမည့် အပြောင်းအလဲမျိုးဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေးတွင် အင်အားကြီးနိုင်ငံတို့၏ လွှမ်းမိုးမှုပုံစံများက သိသိသာသာ ပြောင်းလဲနေကြသည်။ နိုင်ငံတစ်နိုင်ငံချင်းစီ ရှင်သန်ရပ်တည်ကြရာတွင် အင်အားကပိုမို၍အရေးကြီးလာသည်ကိုလည်း ထင်ထင်ရှားရှား တွေ့လာနေရသည်။ စည်းမျဉ်းစည်းကမ်းများ၊ စာချုပ်စာတမ်းများ၊ ကတိကဝတ်များ စသည်တို့မှာ အင်အား၏အောက်တွင် လွယ်လင့်တကူ ပျက်ပြယ်သွားနိုင်ပြီး လက်တွေ့တွင် အင်အားကြီးသူကသာ စိုးမိုးခြယ်လှယ်နိုင်သည့် အခြေအနေ ဖြစ်ပေါ်နေသည်။ အင်အားကြီးသူက အချုပ်အခြာအာဏာကို ပြက်ရယ်ပြုသည်။ နိုင်ငံနယ်နိမိတ်ကို ကျူးကျော်၍ တံခါးမရှိ ဓားမရှိ ဝင်ထွက်သည်။ နိုင်ငံပိုင်သယံဇာတတို့သည်လည်းကောင်း၊ ပိုင်နက်နယ်နိမိတ်တို့သည်လည်းကောင်း အင်အားကြီးသူတို့ မျက်စိကျလျှင် ကျသလို လုယက်ခံရနိုင်သည့် အန္တရာယ်ရှိလာသည်။ သို့ဖြစ်ရာ နိုင်ငံတိုင်း မိမိတို့၏ မြေ၊ ရေ၊ လေ ပိုင်နက် နယ်နိမိတ်တို့ကို ကောင်းစွာ ကာကွယ်နိုင်စွမ်းရှိရန် တည်ဆောက်ထားကြရမည့် အချိန်အခါ ဖြစ်သည်။

**"လွန်ခဲ့သည့် ၇၉ နှစ်က မိမိတို့၏ ဘိုးဘွားများသည် အနှောင့်အယှက်များ၊ အခက်အခဲများကြားမှ စည်းလုံးညီညွတ်မှုကိုရယူတည်ဆောက်ကာ နိုင်ငံနှင့် လူမျိုးကို လွတ်လပ်စေခဲ့သည်။ မိမိတို့ အဘိုးအဘွားများ စည်းလုံးညီညွတ်စွာရယူပေးခဲ့သည့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဤမြေတွင် မွေးဖွားကြီးပြင်းကြသော နိုင်ငံသားအားလုံးက တစ်စိတ်တည်း တစ်ဝမ်းတည်းသော ပြည်ထောင်စုစိတ်ဓာတ်ကို အမွေခံယူ၍ စည်းလုံးညီညွတ်စွာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်"**

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီး မကြာမီမှာပင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများနှင့် ရင်ဆိုင်ခဲ့ရသည်။ ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံသည် သင့်တင့်လျောက်ပတ်သည့် နယ်နိမိတ်အရွယ်အစားရှိသော နိုင်ငံ၊ စိုက်ပျိုးမွေးမြူရေးအတွက် သင့်လျော်သည့် ရာသီဥတု၊ များပြားလှသည့် စိုက်ပျိုးမြေများ၊ သဘာဝသယံဇာတများ ပေါများခြင်း စသည်တို့ကြောင့် သမိုင်းအစဉ်အဆက်တွင် အင်အားအသင့်အတင့်ရှိသည့် လူမျိုးစုများ၊ အင်အားနည်းသည့် လူမျိုးစုများ ပြောင်းရွှေ့နေထိုင်ရာ၊ အခြေချနေထိုင်ရာ နယ်မြေဖြစ်ခဲ့သည်။ သို့ဖြစ်ရာ မိမိတို့၏နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့ စုစည်းနေထိုင်ရာ အမိမြေ၊ အမိနိုင်ငံတော် ဖြစ်ခဲ့သည်။

**ပြည်ပ ပယောဂများ**

တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်သိမ်းပိုက်မှုအောက်သို့ ကျရောက်ခဲ့ချိန်တွင် ကိုလိုနီခေတ် သွေးခွဲအုပ်ချုပ်မှုစနစ်ဖြင့် အုပ်ချုပ်ခဲ့မှုကြောင့် အတူတကွနေထိုင်ခဲ့ကြသည့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုမှာ ပြိုကွဲခဲ့သည်။ နိုင်ငံကို မဖြစ်မနေ လွတ်လပ်ရေးပေးရတော့မည့်အချိန်တွင် ကျန်ရစ်သူ တိုင်းရင်းသားများအကြား သံသယများပွား၍ ရန်ဘက်များသဖွယ်ဖြစ်အောင် နယ်ချဲ့တို့က ဖန်တီးခဲ့ကြသည်။ အိန္ဒိယမှာဆိုလျှင် နိုင်ငံသည် သုံးပိုင်းကွဲသွားခဲ့သည်။ မြန်မာနိုင်ငံတွင်မှ အမြော်အမြင်ကြီးမားသော အမျိုးသား ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းခဲ့မှုကြောင့် နိုင်ငံမပြိုကွဲခဲ့။ သို့ရာတွင် တိုင်းရင်းသားများအကြားတွင် ထားခဲ့သည့် သံသယများ ကြီးမားလာခဲ့ကာ လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာသည်။ လူမျိုးရေး၊ ဘာသာရေး၊ အယူဝါဒရေး စသည့်အကြောင်းအမျိုးမျိုးကိုအခြေပြု၍ ပေါ်ပေါက်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ပိုမိုကြီးထွားလာစေရန် တစ်ချိန်က နယ်ချဲ့ခဲ့သူတို့နှင့် အပေါင်းအပါများကပင် ဆက်လက်အားပေးထောက်ပံ့ခဲ့ကြခြင်းဖြစ်သည်။

**နိုင်ငံတည်ဆောက်ရေး အတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် အရေးကြီးသည့်အလျောက် အစိုးရအဆက်ဆက် ပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းခဲ့သည့်တိုင် အကြောင်းအမျိုးမျိုး၊ ပယောဂအမျိုးမျိုးတို့ကို အကြောင်းပြု၍ လက်နက်ကိုင်ပဋိပက္ခတို့မှာ မငြိမ်းနိုင်သော မီးတောက်များအဖြစ် ဆက်လက်တောက်လောင်နေဆဲ ဖြစ်သည်။ အကျိုးဆက်အနေဖြင့် မိမိတို့နိုင်ငံသည် အခွင့်အလမ်းများ ပိုင်ဆိုင်ထားပါလျက်နှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းက နိုင်ငံသူ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများအပေါ်တွင် တိုက်ရိုက်အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေသည်။**

ပြည်တွင်း၌ ဖြစ်ပေါ်သည့် စည်းလုံးညီညွတ်မှု အက်ကြောင်းများ၊ လက်နက်ကိုင် ပဋိပက္ခများသည် ပြည်ပ ပယောဂတို့ဝင်ရောက်စရာ အားနည်းချက်များ၊ ၎င်းတို့ကြားဝင်အမြတ်ထုတ်စရာ အကြောင်းအရာများဖြစ်သည့်အလျောက် နိုင်ငံပျက်စီးရာ ပျက်စီးကြောင်းဖြစ်သည့် ပဋိပက္ခများ သက်ဆိုးရှည်စေရန် ပြည်ပအဖျက်အမှောင့် အင်အားစုများက အားပေးအားမြှောက်ပြုကြသည်။

**မြန်မာနိုင်ငံနှင့်ကပ်လျက် အိမ်နီးချင်းနိုင်ငံတို့အထိ လာရောက်၍ ရုံးခန်းများဖွင့်ကြသည်။ အင်န်ဂျီအို၊ အိုင်အင်န်ဂျီအိုများ၊ ပရဟိတအသင်းအဖွဲ့များ၊ အကျိုးဆောင်များအသွင်ဖြင့် လက်နက်ကိုင်သောင်းကျန်းသူများ၏ စစ်စခန်းများ၊ ဒုက္ခသည်စခန်းအဖြစ် ဖွင့်လှစ်ထားသည့် နေရာများသို့ပါ ဝင်ထွက်သွားလာကြကာ ထောက်ပံ့ကူညီကြသည်။ လက်နက်သင်တန်း၊ ဖောက်ခွဲရေးသင်တန်း၊ ဆေးသင်တန်းများ ပေးကြသည်။ သတင်းအချက်အလက် စုဆောင်းကြသည်။ အကြမ်းဖက်အဖွဲ့များ၊ သောင်းကျန်းသူများ၊ နိုင်ငံကို ဆန့်ကျင်နေသည့် အဖွဲ့များက ၎င်းတို့စုဆောင်းသွားသည့် မမှန်မကန်၊ အထောက်အထားမဲ့ အချက်အလက်များက နိုင်ငံတကာမီဒီယာများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအထိ ရောက်ရှိကာ မြန်မာနိုင်ငံကို ဖိအားပေး၊ နှိပ်စက်ကလူပြုသည့် ကိရိယာများဖြစ်လာသည်။**

အကျိုးအမြတ်ရယူခြင်းမရှိသော အဖွဲ့အစည်းအဖြစ် အမည်ခံထားပြီး ယင်းအလုပ်မျိုးကိုလုပ်သော အဖွဲ့အစည်းတစ်ခုမှ သာမန်ဝန်ထမ်းတစ်ဦး၏ လစာမှာ မယုံကြည်နိုင်ဖွယ်ရာပင် များပြားလှသည်။ သို့ဖြစ်ရာ နိုင်ငံတကာအဖွဲ့အစည်း နယ်ပယ်များတွင် လုပ်ကိုင်စားသောက်နေကြသည့် ပုဂ္ဂိုလ်များအတွက် မြန်မာနိုင်ငံမှ လက်နက်ကိုင်ပဋိပက္ခများမှာ စားကျက်နယ်မြေတစ်ခုပင်ဖြစ်သည်။

**အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး**

ယခုနှစ်သည် မိမိတို့၏ အမိမြေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံအဖြစ် ရောက်ရှိခဲ့သည့် ၇၈ နှစ်ပြည့်မြောက်သောနှစ်ဖြစ်သည်။ နယ်ချဲ့တို့ထံမှ လွတ်လပ်ရေးကို သွေးထွက်သံယိုမှုကင်းစွာ၊ ငြိမ်းချမ်းစွာ ရယူနိုင်ရန်အတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်မှုကို ပြသခဲ့ကြသည်မှာလည်း ၇၉ နှစ်ပင် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဤမျှကြာမြင့်ခဲ့သည့် ကာလအတွင်း တစ်ခုတည်းသော အမိမြေ၊ တစ်ခုတည်းသောပြည်ထောင်စုကြီး၏ သားသမီးများအဖြစ် စည်းလုံးညီညွတ်စွာနေထိုင်၊ သွေးစည်းညီညွတ်မှုဖြင့် ကာကွယ်စောင့်ရှောက်ခဲ့ကြခြင်းကြောင့် အမိမြေ တည်တံ့ခဲ့သည်။

သို့ရာတွင် ယခုအချိန်ထိ ဆက်လက်တည်ရှိနေသည့် ဝိရောဓိများ၊ ပဋိပက္ခများက နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားအားလုံးတို့ နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ ဖွံ့ဖြိုးတိုးတက်နိုင်မည့် အခွင့်အလမ်းများကို နောက်ကျစေရန်၊ နှောင့်နှေးစေရန် အနှောင့်အယှက် အတားအဆီးသဖွယ် ဖြစ်နေဆဲ။ ပြည်သူလူထုက ငြိမ်းချမ်းရေးကို မျှော်လင့်နေဆဲမှာပင် နောက်ထပ်နောက်ထပ် ဖြစ်ပေါ်လာသည့် လက်နက်ကိုင် တိုက်ခိုက်သတ်ဖြတ်ဖျက်ဆီးမှုများက ထိုမျှော်လင့်ချက်များကိုပါ ဖျက်ဆီးလိုက်ကြသည်။

**နိုင်ငံ့လူဦးရေ၅၁ ဒသမ ၃ သန်းကျော်တွင် ငြိမ်းချမ်းရေးကို မျှော်လင့်သူ မည်မျှရှိ၍ ငြိမ်းချမ်းရေးကို ဖျက်ဆီးသူ မည်မျှရှိသနည်း။ ငြိမ်းချမ်းရေးကို မလိုလားသူသည် သန်း ၅၀ လား၊ တစ်သန်းလား၊ ဒသမသုံးသန်းလား၊လက်တစ်ဆုပ်စာလား။ ကမ္ဘာဦးလူတို့ နေနှင့် လတို့ကို မျှော်လင့်တောင့်တခဲ့ကြသလို ဆယ်စုနှစ်ပေါင်းများစွာ ငြိမ်းချမ်းရေးကို မျှော်လင့်တောင့်တနေခဲ့ကြသည့် ပြည်သူများမှာ ငြိမ်းချမ်းရေးကို ခံစားခွင့်မရှိကြတော့ပြီလား။ ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းတွင် သာယာအေးချမ်းစွာ နေထိုင်ရှင်သန်ခွင့် မရကြတော့ပြီလား။**

လွန်ခဲ့သည့် ၇၉ နှစ်က မိမိတို့၏ ဘိုးဘွားများသည် အနှောင့်အယှက်များ၊ အခက်အခဲများကြားမှ စည်းလုံးညီညွတ်မှုကို ရယူတည်ဆောက်ကာ နိုင်ငံနှင့် လူမျိုးကို လွတ်လပ်စေခဲ့သည်။ မိမိတို့ အဘိုးအဘွားများ စည်းလုံးညီညွတ်စွာ ရယူပေးခဲ့သည့် အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် ပြည်ထောင်စု နိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဤမြေတွင်မွေးဖွား ကြီးပြင်းကြသော နိုင်ငံသားအားလုံးက တစ်စိတ်တည်း တစ်ဝမ်းတည်းသော ပြည်ထောင်စုစိတ်ဓာတ်ကို အမွေခံယူ၍ စည်းလုံးညီညွတ်စွာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြပါရန် (၇၉)နှစ် ပြည့်မြောက်ပြီဖြစ်သည့် ပြည်ထောင်စုနေ့ အခါသမယတွင် သန္နိဋ္ဌာန်ပြုကြပါစို့။ ။



(၁၆-၁၀-၂၀၂၅) ရက်နေ့က ကျင်းပသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အစီအစဉ်အဖြစ် "ငြိမ်းချမ်းသော မြန်မာ့အနာဂတ်တည်ဆောက်ခြင်း"အလုပ်ရုံဆွေးနွေးပွဲ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ထုတ်ဆွေးနွေးစဉ်။

# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 12 February 2026 ၁၂၀၉၁


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံသားတိုင်းသည် ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုတို့ဖြင့် လက်တွဲကြိုးပမ်းမှသာ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

( ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် )

ချစ်ကြည်လေးစားရပါသော

ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား

ယနေ့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့၊ နေ့ထူးနေ့မြတ်အခါသမယ၌ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များရယူဆွတ်ခူးပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် ဆုတံဆိပ်များရရှိအောင်စွမ်းဆောင်ပေးခဲ့သည့် နည်းပြများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၁၉)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များရယူဆွတ်ခူးပေးခဲ့ကြသည့် တပ်မတော်သားအားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုဆုများချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် နည်းပြများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✣

### ပေးအပ်ချီးမြှင့်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်(လုံတံပစ်) (တစ်ဦးချင်း) ပြိုင်ပွဲနှင့် (သံလုံးပစ်)(တစ်ဦးချင်း)ပြိုင်ပွဲတို့၌ ရွှေတံဆိပ်ဆုများရရှိခဲ့သည့် အရာခံဗိုလ် တင်ညိုအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



ကြေးမုံ

# ပြည်ထောင်စုသားများအားလုံး ပြည်ထောင်စုစိတ်ဓာတ်များစုရုံး

ဗြိတိသျှတို့၏ ဖိနှိပ်ချုပ်ချယ်မှုများနှင့် တောင်တန်းပြည်မခွဲခြားမှုများကို တိုင်းရင်းသားအားလုံး၏ ညီညွတ်မှုအင်အားဖြင့် တောင်းဆိုတိုက်ပွဲဝင်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဗြိတိသျှတို့က လန်ဒန်သို့ဖိတ်ခေါ်ပြီး မြန်မာနိုင်ငံအနာဂတ်အရေးကို ဆွေးနွေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည့်အခါ ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသအားလုံးကိုပါ တစ်ပြိုင်တည်းလွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့သော်လည်း ဗိုလ်ချုပ်အား ကန့်ကွက်မှုရှိသဖြင့် တောင်ကြီးမြို့၌ လူထုအစည်းအဝေးကြီးကျင်းပ၍ ဗိုလ်ချုပ်ကို ထောက်ခံကြောင်းကြေးနန်းပို့မှသာ အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတစ်ခုလုံး လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ခံ့ညားထည်ဝါစွာ ပြန်လည်ရပ်တည်နိုင်ရန်အတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစွမ်းအားကို အခိုင်အမာစိုက်ထူခဲ့သည်။ ထိုနေ့ကို ပြည်ထောင်စုနေ့ဟု ကမ္ပည်းမော်ကွန်းထိုးပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်သည်မှာ ယခုအခါ နှစ်ပေါင်း(၇၉) နှစ်ရှိပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားများကြောင့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်နေသော်လည်း နယ်ချဲ့ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင်အမွေဆိုးများကို ယနေ့ထက်တိုင် ကြုံတွေ့ခံစားနေရဆဲဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေးပျက်ပြားပြီး လူမျိုးစွဲ၊ ဝါဒစွဲ၊ ၊ ပုဂ္ဂိုလ်စွဲများဖြင့် ကျဉ်းမြောင်းသည့် နိုင်ငံရေးအမြင်၊ လူမျိုးရေးအမြင်၊ ကိုယ်ကျိုးအတ္တလွန်ကဲမှုများနှင့်အတူ ပဋိပက္ခများကို ဖန်တီးနေကြသောကြောင့် နိုင်ငံနှင့်ပြည်သူ ဆင်းရဲဒုက္ခများ ကြုံတွေ့နေရသည်။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အသက်တမျှအရေးကြီးသကဲ့သို့ နိုင်ငံဖွံ့ဖြိုးရေးအတွက်လည်း ကြီးမားသောမောင်းနှင်အားဖြစ်နေသည်ကို တွေ့မြင်နိုင်သည်။

မြန်မာနိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့်နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် အထူးအရေးကြီးသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးအကြီးဆုံးနှင့် အလိုအပ်ဆုံးအရာမှာ တိုင်းရင်းသားပြည်သူအားလုံးတို့သည် ပြည်ထောင်စုကြီး၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုဖွား တိုင်းရင်းသားဖြစ်သည်ဟူသော ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူကြရန်လိုအပ်သည်။ ဤမြေတွင်နေ၊ ဤရေကိုသောက်ပြီး ပြည်ထောင်စုကြီးအတွင်း အတူကြီးပြင်းရှင်သန်နေထိုင်ခဲ့ကြသည့် ပြည်ထောင်စုသားညီရင်းအစ်ကို မောင်ရင်းနှမများဖြစ်ကြသည်ဟူသော တစ်မိသားစုတည်းစိတ်ဓာတ် ထားရှိကြရန်လိုအပ်သည်။

တိုင်းပြည်တစ်ပြည်ဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်စေ ကောင်းစွာရှင်သန် ရပ်တည်နေထိုင်နိုင်ရန်အတွက် ညီအစ်ကိုမောင်နှမအချင်းချင်း စည်းလုံးညီညွတ်ကြရန်၊ မိမိနိုင်ငံကို ခုခံကာကွယ်နိုင်စွမ်းနှင့် မိမိတို့စွမ်းပကားများကို အစဉ်အမြဲမြှင့်တင်နေကြရမည်ဖြစ်သည်။ နိုင်ငံနှင့်လူမျိုး ထာဝစဉ်တည်တံ့ခိုင်မြဲရေးကို ကိုယ်စွမ်းကိုယ်စနှင့် စည်းလုံးညီညွတ်သော စွမ်းပကားများဖြင့် ကာကွယ်ထိန်းသိမ်းမှု မပြုလုပ်နိုင်လျှင် နိုင်ငံ၏ အချုပ်အခြာအာဏာအားနည်းလာပြီး ပြင်ပမှ စွက်ဖက်မှု၊ နှောင့်ယှက်မှု၊ ကျူးကျော်မှုများကျရောက်လာပြီး လက်အောက်ခံဘဝသို့ ရောက်သွားနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ လွတ်လပ်သောနိုင်ငံအဖြစ် ထာဝစဉ်တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံနိုင်ငံမဖြစ်စေရန် အားလုံးစည်းလုံးညီညွတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အပေါ် ဘေးအန္တရာယ်အမျိုးမျိုးကျရောက်လာလျှင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့်အတူ ပြည်သူများ ခိုင်မြဲစွာလက်တွဲပြီး တိုင်းပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိစိတ်နှင့် စုပေါင်းစွမ်းအားများဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးကို စည်းလုံးညီညွတ်မှုဖြင့် တွန်းလှန်ကာကွယ်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကြားတွင် မိမိတို့ ဘိုးဘွားဘီဘင်များလက်ထက် နယ်ချဲ့တော်လှန်ရေး၊ လွတ်လပ်ရေးကြိုးပမ်းရေးကာလများကကဲ့သို့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်နှင့် စည်းလုံးညီညွတ်မှု၊ နားလည်ယုံကြည်မှုမျိုးတို့ကို ပြန်လည်ရရှိအောင်တည်ဆောက်ပြီး တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့်နိုင်ငံတွင် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာအကောင်အထည်ဖော်နေပြီဖြစ်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ရေး၊ ပြည်ထောင်စုကြီးကို ဖျက်ဆီးမည့်အန္တရာယ်များမှကင်းဝေးစေရေးအတွက် ပြည်ထောင်စုသားများအားလုံး ပြည်ထောင်စုစိတ်ဓာတ်များစုရုံး တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းမှ ဝမ်းမြောက်ဝမ်းသာစွာ အထူးဂုဏ်ယူကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၁၁)ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris Causa)ကို ဖေဖော်ဝါရီလ(၅) ရက်နေ့တွင် ချီးမြှင့်အပ်နှင်းကြောင်း ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကြားသိခဲ့ရပါသည်။

ယာယီသမ္မတကြီးသည် အခက်အခဲပေါင်းများစွာ၊ စိန်ခေါ်မှုပေါင်းများစွာ သစ္စာစောင့်သိခြင်း ပျက်ယွင်းမှုပေါင်းများစွာတို့အား ၎င်း၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ ဦးဆောင်နိုင်မှုစွမ်းအားတို့ဖြင့် အောင်မြင်စွာ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် ဖြေရှင်းတည်ဆောက်အောင်မြင်မှုရရှိခြင်းများအပေါ် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris Causa)ကို ရန်ကုန်တက္ကသိုလ်မှ ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရခြင်းအပေါ် မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းမှ လှိုက်လှဲဝမ်းသာစွာ ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့်အတူ ဤကြေညာချက်အား ထုတ်ပြန်အပ်ပါသည်။ နိုင်ငံတော်ကြီး တည်ငြိမ်၊ ဖွံ့ဖြိုးစည်ပင်သာယာဝပြောရေးနှင့်အတူ ပြည်သူလူထု၏ ဘဝများအား ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းများနှင့် ချမ်းမြေ့ပျော်ရွှင်စွာ ဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်လိုက်ပါသည်။

မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း

## မြင်းခြံမြို့၌ (၄၄) ကြိမ်မြောက် မြို့နယ်လုံးကျွတ် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

မြင်းခြံ ဖေဖော်ဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ (၄၄) ကြိမ်မြောက် မြို့နယ်လုံးကျွတ် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီက မင်းကွန်းကျောင်းတိုက်အတွင်း လောင်းလှူခဲ့ကြသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ သံဃာတော်အပါး ၈၈၀ ကြွရောက် အလှူခံတော်မူခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များ၊ ခရိုင် / မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် အလှူရှင်များတက်ရောက် လောင်းလှူကြသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာများ၊ အလှူရှင်များက လှူဒါန်းသည့် ဆွမ်းဆန်တော် ၁၀၈၅ အိတ် တန်ဖိုးငွေကျပ် ၁၀၈၅၀၀၀၀ နှင့် အခြားလှူဖွယ်ပစ္စည်းများ တန်ဖိုးငွေကျပ် ၁၃၃၅၀၅၀၀ ကို မြင်းခြံမြို့နယ်အတွင်းရှိ သံဃာတော်အပါး ၈၅၀ အား လောင်းလှူခဲ့ကြောင်း သိရသည်။

ချစ်ဦးနွေ(မြင်းခြံ)

## ၁၁ - ၂ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ - ၂ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၄၀၀ | ၂,၁၅၅ | ၁၇,၉၅၂,၀၀၀ |
| MTSH | ၃,၉၀၀ | ၃,၉၅၀ | ၂,၆၃၅ | ၁၀,၂၇၈,၂၅၀ |
| MCB | ၇,၈၀၀ | ၈,၆၀၀ | ၅၂၈ | ၄,၁၂၆,၉၀၀ |
| FPB | ၂,၈၅၀ | ၂,၉၅၀ | ၄,၀၀၃ | ၁၁,၆၀၄,၀၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၁၉၅ | ၅၇၅,၂၅၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၂,၈၃၈ | ၄,၅၅၇,၆၅၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၄ | ၁၅,၈၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၈၀ | ၂၄၈,၀၀၀ |
| MADPL(PLB) | ၂,၆၅၀ | ၂,၆၅၀ | ၉၇၇ | ၂,၅၈၉,၀၅၀ |
| ASPGB(PLB) | ၃၃,၀၀၀ | ၃၃,၀၀၀ | ၁၀၁ | ၃,၃၃၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏လက်အောက်တွင် နှစ်ပေါင်း(၁၀၀)ကျော်နေထိုင်ခဲ့ရပြီး ၎င်းတို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ရပါသည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတူလက်တွဲ၍ အသက်ပေါင်းများစွာပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့ကြပါသည်။ တောင်တန်းဒေသနှင့်ပြည်မ တပေါင်းတစည်းတည်း လွတ်လပ်ရေးရယူရန်သန္နိဋ္ဌာန်ဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားခေါင်းဆောင်ကြီးများက ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထိုနေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင်၍ နှစ်စဉ်ဂုဏ်ပြုကျင်းပလာခဲ့သည်မှာ ယနေ့တွင် (၇၉)နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတစ်နိုင်ငံ၏အခြေခံလိုအပ်ချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောမှသာ လူမှုစီးပွားဘဝဖွံ့ဖြိုးပြီး ပြည်သူအားလုံး ပျော်ရွှင်ကျန်းမာစွာ နေထိုင်နိုင်ကြမည်ဖြစ်ပါသည်။ အသိပညာ၊ အတတ်ပညာပြည့်စုံသော လူတော်လူကောင်းများဖြင့်သာ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောအောင် စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ တိုင်းပြည်၏ပညာရေးကဏ္ဍကိုလည်း ဦးစားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရန်အတွက်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး အရည်အသွေးကောင်းမွန်သော တန်ဖိုးမြင့်ထုတ်ကုန်များကို ပြည်တွင်းသုံးစွဲမှုဖူလုံရုံသာမက ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ပံ့ပိုးအားပေးလျက်ရှိပါသည်။

ရေခံမြေခံကောင်းပြီး သဘာဝသယံဇာတ ပေါကြွယ်ဝသော မိမိတို့မြန်မာနိုင်ငံသည် စိုက်ပျိုးမြေဧရိယာလုံလောက်ခြင်း၊ လူဦးရေသင့်တင့်မျှတခြင်း၊ ရာသီဥတုနှင့်ဂေဟစနစ် မျိုးစုံခြင်း၊ ရေချိုအရင်းအမြစ်ကြွယ်ဝခြင်းတို့ကြောင့် ပြည်တွင်းစားရေရိက္ခာဖူလုံသည့်နိုင်ငံ ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများ၌ တစ်ဧက ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ထွက်ရှိစေရေးအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုး၊ မြေ၊ ရေ၊ နည်းလိုအပ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များကို ပံ့ပိုးပေးလျက်ရှိပါသည်။ မိရိုးဖလာစိုက်ပျိုးခြင်းသာမက ခေတ်မီနည်းစနစ်များကိုလည်း လေ့လာကျင့်သုံး၍ အထွက်နှုန်းများတိုးတက်အောင်၊ သီးထပ်စွမ်းအားများ မြင့်မားအောင် ဆောင်ရွက်ကြခြင်းဖြင့် ပြည်သူများ၏ စားရေရိက္ခာပြည့်စုံပြီး နိုင်ငံ့စီးပွားရေးရလဒ်ဖြစ်သော GDP ကို မြင့်မားတိုးတက်စေမည်ဖြစ်ပါသည်။

စားရေရိက္ခာအတွက် စိုက်ပျိုးရေးသာမက မွေးမြူရေးကိုလည်း ယှဉ်တွဲလုပ်ဆောင်ရန် လိုအပ်ပါသည်။ ဒေသအလိုက်ဖူလုံအောင် မွေးမြူထုတ်လုပ်ရန်နှင့် တိရစ္ဆာန်အစာအတွက်လည်း ဒေသ၏ စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံ၍ထုတ်လုပ်ရန် တိုက်တွန်းအားပေးလျက်ရှိပါသည်။ အဓိကလိုအပ်သည်မှာ ပြည်သူအားလုံး ကြိုးစားအလုပ်လုပ်ကြရန်သာ ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် အလေးထားတိုက်တွန်းအပ်ပါသည်။

> **တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကိုလိုလားသည့် ပြည်သူများနှင့် လက်တွဲပြီး လက်နက်ကိုင်သောင်းကျန်းသူများ၏ ဥပဒေမဲ့အကြမ်းဖက် လုပ်ရပ်များ၊ နယ်မြေချဲ့ထွင်ရေးတိုက်ပွဲဖော်ဆောင်မှုများကို ထိန်းသိမ်း ကာကွယ်သွားမည်ဖြစ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ပြည်ပအမှီအခိုကင်းစွာဖြင့် ပြည်တွင်းအင်အားစုများကို အခြေခံကာ ပြည်သူတစ်ရပ်လုံးပါဝင်သည့် ခေတ်မီပြည်သူ့ကာကွယ်ရေးစနစ်ကို ကြိုးပမ်း ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ကမ္ဘာတည်သရွေ့ တပ်မတော်တည်ရှိနေပါ မည်။ တပ်မတော်တည်ရှိနေသရွေ့ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲနေပါ မည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တစ်သားတည်းရပ်တည်ပြီး ပြည်ထောင်စုမပြိုကွဲရေးအတွက် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြရန်လိုအပ်**

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပကတိလိုအပ်ချက်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးပင် ဖြစ်ပါသည်။ ဒေသတစ်ခု တည်ငြိမ်အေးချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းကို ပျက်ပြားအောင် အဆိုပါဒေသရှိ အကြမ်းဖက်သမားများကသာ ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ လက်ရှိအချိန်တွင် အကြမ်းဖက်သောင်းကျန်းသူများက လမ်းတံတားများနှင့် လျှပ်စစ်ဓာတ်အားလိုင်းများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ပိတ်ဆို့တားဆီးခြင်း၊ ပြည်သူပိုင်အဆောက်အအုံများ မီးရှို့ဖျက်ဆီးခြင်းစသည့် အဖျက်အမှောင့်ပယောဂများ လုပ်ဆောင်မှုကြောင့် ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ဆို့ခြင်း၊ ကုန်စည်စီးဆင်းမှုနှောင့်နှေးခြင်း၊ ပညာသင်ယူမှုအခွင့်အလမ်းများ ဆုံးရှုံးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ မရရှိခြင်းတို့ကိုကြုံတွေ့နေရပါသည်။ နယ်မြေဒေသအချို့တွင် မတည်ငြိမ်မှုများဖြစ်ပွား၍ ဒေသခံတိုင်းရင်းသားများသည် လူမှုစီးပွားဘဝနိမ့်ကျမှု၊ အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ကြုံတွေ့လျက်ရှိပါသည်။ ဤဖြစ်စဉ်များကြောင့် လူမှုစီးပွားဘဝများကျဆင်းလာပြီး ပြည်သူများဆင်းရဲဒုက္ခ ကြီးမားလာသည်ကို အထူးသတိချပ်ရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်စိုးသည့်နိုင်ငံဖြစ်ပြီး နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသော အာဏာခက်မသုံးဖြာသည် အမိနိုင်ငံတော်မှ ပေါက်ဖွားလာသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှု၊ ဘဝလုံခြုံမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းမှုတို့အတွက် အဓိကထားဆောင်ကြဉ်းပေးလျက်ရှိပါသည်။

အကြမ်းဖက်မှုပပျောက်၍ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားအားလုံး လူ့အခွင့်အရေးအပြည့်အဝရရှိစေရေးတို့အတွက် ဖြောင့်မတ်တည်ကြည်သည့် တရားစီရင်ရေးစနစ်ကို အကောင်အထည် ဖော်ဆောင်လျက်ရှိပါသည်။ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုနိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများသာမက မျိုးဆက်သစ်ကျောင်းသားကျောင်းသူများကို ဥပဒေနှင့်ပတ်သက်သည့် အသိပညာများ သင်ကြားဖြန့်ဝေပေးလျက်ရှိပါသည်။

တပ်မတော်သည် ပြည်သူကြားမှ သန္ဓေတည် ပေါက်ဖွားလာသော မျိုးချစ်ပြည်သူ့တပ်မတော်ဖြစ်သကဲ့သို့ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ပြည်ထောင်စုတပ်မတော်လည်း ဖြစ်ပါသည်။ နိုင်ငံတော်အတွက် မယိမ်းမယိုင်ရပ်တည်ခဲ့သော အခိုင်မာဆုံးအဖွဲ့အစည်းဖြစ်ပါသည်။ တပ်မတော်အနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများကို ယနေ့အချိန်အထိ ထိန်းသိမ်းဆောင်ရွက်နေပါသည်။ ပြည်သူတစ်ရပ်လုံး၏ အားပေးထောက်ခံမှုဖြင့် တိုင်းပြည်အပေါ်ကျရောက်လာသည့် ပြည်တွင်း၊ ပြည်ပ အန္တရာယ်ရန်စွယ်ဟူသမျှကို မျိုးချစ်စိတ်ဓာတ်အရင်းခံ၍ စွန့်လွှတ်စွန့်စားမှုဖြင့် အစွမ်းကုန် ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။

တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကို လိုလားသည့်ပြည်သူများနှင့် လက်တွဲပြီး လက်နက်ကိုင်သောင်းကျန်းသူများ၏ ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များ၊ နယ်မြေချဲ့ထွင်ရေးတိုက်ပွဲဖော်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်သွားမည် ဖြစ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက်ပြည်ပအမှီအခိုကင်းစွာဖြင့် ပြည်တွင်းအင်အားစုများကို အခြေခံကာ ပြည်သူတစ်ရပ်လုံးပါဝင်သည့် ခေတ်မီပြည်သူ့ကာကွယ်ရေးစနစ်ကို ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ကမ္ဘာတည်သရွေ့ တပ်မတော်တည်ရှိနေပါမည်။ တပ်မတော်တည်ရှိနေသရွေ့ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲနေပါမည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တစ်သားတည်းရပ်တည်ပြီး ပြည်ထောင်စုမပြိုကွဲရေးအတွက် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြရန် လိုအပ်ပါသည်။

သို့ဖြစ်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို အခြေခံကာ တည်ဆောက်ထားသည့်နိုင်ငံ ဖြစ်ပါသည်။ လောကကို ငြိမ်းချမ်းသာယာအောင် စောင့်ရှောက်သည့် လောကပါလတရားများ ထွန်းကားမှသာ လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခများ လျော့နည်းပြီး သဟဇာတကျကျ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ကြမည်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူအားလုံးက ပင်ကိုနိုးကြားသည့် အသိစိတ်ဖြင့် လောကပါလတရားများကိုကျင့်သုံးစောင့်ထိန်းမှသာ အေးချမ်းသာယာသောနိုင်ငံအဖြစ် ရေရှည်ရပ်တည်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ တစ်မြေတည်းနေ တစ်ရေတည်းသောက် စည်းလုံးညီညွတ်ခဲ့ကြသည့် ပြည်ထောင်စုဖွားညီအစ်ကိုမောင်နှမများ ဖြစ်ကြပါသည်။

အေးချမ်းစွာနေထိုင်လိုကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပဋိပက္ခများချုပ်ငြိမ်းသည့် ထာဝရငြိမ်းချမ်းရေးကို တောင့်တနေကြပြီဖြစ်ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပခဲ့သော လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင်လည်း မြန်မာနိုင်ငံတစ်နံတစ်လျားမှ လူငယ်များ၏ ငြိမ်းချမ်းရေးလိုလားသံများကို ကြားသိခဲ့ရပြီးဖြစ်ပါသည်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို မိမိတို့တိုင်းရင်းသားပြည်သူများကသာ မဖြစ်မနေ ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ ဘုံသဘောတူညီချက်များနှင့်အညီ ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါသည်။

မိမိတို့နိုင်ငံ၏ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းရှင်းပြီး တိုင်းရင်းသားညီအစ်ကို အချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ ရင်ကြားစေ့ ဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ဆွေးနွေးမှုများကို ဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေးတံခါးကို အစဉ်အမြဲဖွင့်လှစ်ကြိုဆိုလျက်ရှိပါသည်။ **ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်** ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တွဲလက်ခိုင်မာစွာဖြင့် **“ပြည်ထောင်စုကြီးတိုးတက်ဖို့ ထာဝရငြိမ်းချမ်းရေးကိုတည်ဆောက်စို့”** ဟူသော ပြည်ထောင်စုနေ့ဆောင်ပုဒ်နှင့်အညီ လိုက်နာကျင့်သုံး၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကြိုးပမ်းရန်လိုအပ်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုများသည်လည်း အခြေခံအုတ်မြစ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြသဖြင့် မတူကွဲပြားမှုများကို သဟဇာတဖြစ်အောင် ပေါင်းစည်းကာ အချင်းချင်းယုံကြည်လေးစားမှုကို အခြေခံလျက် ရင်းနှီးချစ်ကြည်စွာ နေထိုင်ကြရေးသည် လွန်စွာပဓာနကျပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်နှင့်အညီ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပပြီးဖြစ်ပါသည်။ နိုင်ငံသားကောင်းတစ်ယောက်၏ တာဝန်ကို ကျေပွန်စွာ ပါဝင်ဆန္ဒမဲပေးခဲ့ကြသူအားလုံးနှင့် ရွေးကောက်ပွဲအောင်မြင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူအားလုံးတို့အား အသိအမှတ်ပြုကျေးဇူးတင်ရှိပါသည်။ မကြာမီကျင်းပမည့် လွှတ်တော်များ၊ အစည်းအဝေးများမှ ပေါ်ထွက်လာသောအစိုးရအား နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းပေးအပ်ပေးသွားမည်ဖြစ်ပါသည်။

**စာမျက်နှာ ၄ သို့** ☆





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များ ရယူဆွတ်ခူးပေးခဲ့ကြသည့် တပ်မတော်သားအားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုဆုများချီးမြှင့်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ (၁၉)ကြိမ်မြောက်မှ

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် **“အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်”**ဆိုသည့် အားကစား ဆောင်ပုဒ်နှင့်အညီ မဆုတ်မနစ်သော ဇွဲ၊ လုံ့လတို့ဖြင့် မိမိတို့တွင် ရှိသည့်စွမ်းအားကိုယ်စီကိုအသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသည့် ဆုရအားကစားသမားများ၊ ပြိုင်ပွဲတွင်အကောင်းဆုံးလမ်းညွှန်မှုပေးခဲ့ကြသည့် နည်းပြများနှင့် အသင်းအုပ်ချုပ်သူ အဖွဲ့ဝင်များအားလုံးကို မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူသည်ကို ဦးစွာအသိပေးပြောကြားလိုကြောင်း။

(၁၉)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲတွင် တပ်မတော်သားတစ်ဦးပါဝင်သည့် မြန်မာပိုက်ကျော်ခြင်း အသင်းသည် အသင်းလိုက် ရွှေတံဆိပ်တစ်ခု ရရှိခဲ့ကြောင်း၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မိမိတို့နိုင်ငံအနေဖြင့် အားကစားနည်း ၃၈ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် တပ်မတော်သား အားကစားသမား များက အားကစားနည်း လေးမျိုးတွင် ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်ငါးခုရရှိအောင် ပါဝင်စွမ်းဆောင်နိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ တပ်မတော်သားနည်းပြများအနေဖြင့်လည်း လှေလှော်၊ အလေးမ၊ လက်ဝှေ့၊ ဝူရှူး၊ နပန်းစသည့် အားကစားနည်းများတွင် ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ် ၁၀ ခုရရှိအောင် စွမ်းဆောင်ပြသနိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

ထို့ပြင် ယခုနှစ် နှစ်ဆန်းပိုင်းအတွင်း ကျင်းပပြီးစီးခဲ့သည့် (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲတွင်လည်း အားကစားနည်း ၁၉ မျိုး ထည့်သွင်းကျင်းပခဲ့သည့် အနက် တပ်မတော်သားအားကစားသမားများသည် ပြေးခုန်ပစ်၊ ထိုင်လျက်ဘော်လီဘော၊ ဘောလုံး၊ ဂိုးလ်ဘော အားကစားနည်းများတွင် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်သုံးခု ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အားကစားသမားများနည်းတူ တပ်မတော်သား နည်းပြများကလည်း ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်လေးခုရရှိအောင် စွမ်းဆောင်ပြသနိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ဆုတံဆိပ်များ ရရှိခဲ့ကြခြင်းသည် နိုင်ငံတော်အတွက်သာမက တပ်မတော်အတွက်ပါ ဂုဏ်ယူစရာ

**စာမျက်နှာ ၅ သို့ ❖**

☆ **စာမျက်နှာ ၃ မှ**

ပြည်ထောင်စု၏အင်အားသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအပေါ်တွင် တည်မှီနေပါသည်။ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးမပြုသည့် အတွေးအခေါ်နှင့် လုပ်ဆောင်ချက်များကို ချန်ရစ်ပြီး နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အပြုသဘောဆောင်ရွက်ချက်များကို စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် လုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။ သို့မှသာ တိုင်းရင်းသားပြည်သူအားလုံး မျှော်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်သို့ ချောမောလျင်မြန်စွာ ရောက်ရှိမည်ဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများ ရှိသော်လည်း **“စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည် စွမ်းအား၊ ငြိမ်းချမ်းခြင်းသည် အလှတရား”** ဆိုသည့်အတိုင်း နိုင်ငံသားတိုင်းသည် ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုတို့ဖြင့် လက်တွဲကြိုးပမ်းမှသာ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ဝေးလံခေါင်ပါးနယ်စပ်ဒေသများမှ ဒေသခံပြည်သူများအပါအဝင် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ အလုံးစုံဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် ဟန်ချက်ညီသည့် နိုင်ငံ့အင်အားတစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံသားတိုင်း ကျန်းမာသန်စွမ်း၍ ဗလငါးတန်ပြည့်စုံပြီး ဘက်စုံပညာပြည့်ဝမှသာ နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီနိုင်မည်ဖြစ်ပါသည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ခြင်းပင်ဖြစ်သဖြင့် ပညာရေးကို အားပေးလျက်ရှိပါသည်။ စဉ်းစားတွေးခေါ်မှု၊ ဆန်းသစ်တီထွင်မှုကို အားပေးသော သင်ကြားသင်ယူမှုဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များ ပေါ်များလာရေးကို မျှော်မှန်းအကောင်အထည်ဖော်လျက်ရှိပါသည်။

ဘက်စုံကျယ်ပြန့်သော ပညာရပ်များကို တစ်နေရာတည်းတွင် ရွေးချယ်သင်ယူဆည်းပူးနိုင်စေရန် နေပြည်တော်တွင် Naypyitaw State Academy ကို အသစ်ဖွင့်လှစ်ပေးသကဲ့သို့ Naypyitaw State Polytechnic University အပါအဝင် Polytechnic University ကိုးခုကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်အပြင် နိုင်ငံတော်အတွက် အားထားရသော စိုက်ပျိုးမွေးမြူရေးပညာရှင်များ ပိုမိုမွေးထုတ်နိုင်ရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကိုလည်း ဖွင့်လှစ်ပေးခဲ့ပါသည်။ အနာဂတ်နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြမည့် လူငယ်များအား ပညာပြည့်ဝ၊ နှလုံးလှသည့် လူတော်လူကောင်းများဖြစ်လာစေရေး ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။

ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိရေးအတွက် ဆေးရုံများတွင် ဆေးဝါးနှင့် ပစ္စည်းကိရိယာများ ပြည့်စုံအောင် ဖြည့်ဆည်းပေးခြင်း၊ အခမဲ့ဆေးဝါးကုသခွင့်များ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးခြင်းတို့ကို အစဉ်တစိုက် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံသားတိုင်း လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် သယ်ယူပို့ဆောင်ရေး အဆင့်မြှင့်တင်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးမြှင့်ထုတ်လုပ်ခြင်း၊ အရည်အသွေးမြင့် သွင်းကုန်အစားထိုးထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်ခြင်း၊ စက်မှုစိုက်ပျိုးမွေးမြူရေးကို အားပေးခြင်း၊ ကျန်းမာသန်စွမ်းသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ဉာဏ်ရည်တုအေအိုင်နည်းပညာကို နယ်ပယ်စုံတွင် လေ့လာအသုံးပြုရေး အားပေးပံ့ပိုးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် ပြည်တွင်းရှိ အသိပညာရှင်၊ အတတ်ပညာရှင်များကိုသာမက မိတ်ဖက်နိုင်ငံများမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများနှင့် ကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များကို ဖိတ်ခေါ်၍ နည်းပညာအကူအညီများရယူပြီး ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဖော်ဆောင်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက်ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်ဖြစ်သော –

- နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊
- တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊
- နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊
- တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး၊
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေးတို့ကို

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သမိုင်းပေးတာဝန်အဖြစ် အလေးအနက်ခံယူလျက် သွေးရင်းသားရင်းများပီပီ၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ ဥမကွဲ သိုက်မပျက် လက်တွဲပူးပေါင်းဆောင်ရွက်ပြီး ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲဖွံ့ဖြိုးတိုးတက်အောင် စုပေါင်းတည်ဆောက်ကြပါစို့ဟု တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**ယာယီသမ္မတ၊**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်**
**အေးချမ်းသာယာရေးကော်မရှင်**

✣ စာမျက်နှာ ၄ မှ

ကောင်းလှသည့်စွမ်းဆောင်မှုများပင်ဖြစ်သည်ကိုပြောကြားလိုကြောင်း။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသူများအနေဖြင့် ကာယအား၊ဉာဏအားတို့ကို အသုံးချပြီး အကောင်းဆုံးကြိုးပမ်းယှဉ်ပြိုင်ခဲ့ကြသကဲ့သို့ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများသည်လည်း မသန်ပေမယ့် စွမ်းကြသူများဖြစ်သည်ကို အကောင်းဆုံးသက်သေပြနိုင်ခဲ့ကြသူများပင် ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲ နှစ်ရပ်စလုံးကို လေ့လာကြည့်သည့်အခါ တစ်ဦးချင်းပြိုင်ပွဲများတွင် ဆုများရရှိခဲ့ကြသကဲ့သို့ အဖွဲ့လိုက်ပေါင်းစည်းယှဉ်ပြိုင်ကြရသည့် အားကစားနည်းများတွင်လည်း ဆုတံဆိပ်များရရှိခဲ့ကြသည်ကို ကြည့်ခြင်းအားဖြင့် မိမိတို့လူမျိုး၏စည်းလုံးမှုအခြေခံစိတ်ဓာတ်သည် တစ်ဦးချင်းမှစပြီး အသင်းအဖွဲ့ထိ မြဲမြံခိုင်မာနေခြင်းကို ပေါ်လွင်စေလျက်ရှိသည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ အားကစားသမိုင်းမှတ်တမ်းသည် တစ်ချိန်က အာရှအဆင့်သာမက ကမ္ဘာ့အဆင့်ထိ ထိုးဖောက်နိုင်ခဲ့သည့် အစဉ်အလာကောင်းများကို တွေ့ရှိနိုင်ကြောင်း၊ မြန်မာ့အားကစားအောင်မြင်မှု အခန်းကဏ္ဍကို လေ့လာကြည့်ပါက တပ်မတော်သားများ၏ ထူးချွန်ပြောင်မြောက်သည့် စွမ်းဆောင်ချက်သမိုင်းပုံရိပ်များသည်လည်း ထင်ထင်ရှားရှားရှိနေဆဲပင်ဖြစ်ကြောင်း၊ ပြည်တွင်းမှာသာမက နိုင်ငံတကာပြိုင်ပွဲများတွင်ပါ အောင်မြင်မှုများစွာရရှိခဲ့သည့် တပ်မတော်သားများ၏ သမိုင်းမှတ်တမ်းကောင်းများကို ယနေ့ထက်တိုင် မော်ကွန်းရေးထိုးထားလျက်ရှိကြောင်း၊ တစ်ချိန်က မြန်မာ့ ဘောလုံးအသင်း၏ လျှမ်းလျှမ်းတောက် အောင်မြင်မှုများတွင် ပါဝင်ခဲ့သည့် တပ်မတော်သားများ၏ အစွမ်းအစများသည် ယနေ့ထက်တိုင်ဂုဏ်ယူဖွယ်ကြွားစွာ ပြောစမှတ်တွင်နေဆဲပင် ဖြစ်ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ခြင်းလုံး (ကွင်းသွင်း) (အသင်းလိုက်)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် ဒုတိယအရာခံဗိုလ်အောင်ဇော်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

အားကစားမှ ပေးသည့် **"အနိုင်မခံ အရှုံးမပေး"** စိတ်ဓာတ်သည် နိုင်ငံတော်တည်ဆောက်ရေးနှင့်ပါ ဆက်စပ်လျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ မိမိကိုယ်ကို အရှုံးမပေးခြင်း၊ မိမိအသင်းကို အရှုံးမပေးခြင်းသည် မိမိတို့၏ ဂုဏ်သိက္ခာကို ကာကွယ်ခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ပုံရိပ်ကို မကျဆင်းအောင် ထိန်းသိမ်းပေးခြင်းလည်း ဖြစ်ကြောင်း၊ အားကစားသမားများသာမက နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်ရမည် ဆိုသည့် အသိတရားများ ကိန်းအောင်းနေကြရန် လိုအပ်ကြောင်း၊ ၎င်းကဲ့သို့အသိတရားများ နိုင်ငံသားတိုင်း၏ရင်ထဲတွင် ရှင်သန်နေကြမှသာ မိမိတို့နိုင်ငံတော်ကို ပျက်စီးရာ၊ ပျက်စီးကြောင်း ဖန်တီးလာကြမည့် အန္တရာယ်များကို ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း။

ယနေ့ အခမ်းအနားတွင် နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကိုမြှင့်တင် ပေးခဲ့ကြသည့် တပ်မတော်သား အားကစားသမားများနှင့် နည်းပြများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုများအပြင် အဆင့်တိုးမြှင့်ပေးခြင်းများဖြင့်ပါ ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဆိုသည့် မင်္ဂလာတရားနှင့်အညီ ဆောင်ရွက်ပေးခြင်း ဖြစ်ပြီး နောင်လာမည့် မျိုးဆက်သစ် အားကစားသမားများအတွက် လည်းစံနမူနာကောင်းများပြသပေးခြင်းဖြစ်သည်ကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိပြီး နိုင်ငံ့ဂုဏ်ကိုဆောင်ခဲ့သည့် တပ်မတော်သား အားကစားသမားများအတွက် နိုင်ငံတော်နှင့် တပ်မတော်က အသိအမှတ်ပြုဂုဏ်ယူကြောင်းနှင့် အားကစားကဏ္ဍအောင်မြင်မှု ဆိုသည်မှာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကိုပါ သွယ်ဝိုက်ဖော်ဆောင်နေခြင်း ဖြစ်သကဲ့သို့ ယခုထက်ပိုမို အောင်မြင်အောင် ဆက်လက်ကြိုးပမ်း ဖော်ဆောင်ခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးကြရန် ပြောကြားလိုကြောင်း ပြောကြားသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် (၁၉)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များရယူဆွတ်ခူးပေးခဲ့ကြသည့် တပ်မတော်သား အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုဆုများချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က (၁၉)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း (အသင်းလိုက်) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် အရာခံဗိုလ်သန့်ဇင်ဦး၊ (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ် (လုံတံပစ်) (တစ်ဦးချင်း) ပြိုင်ပွဲနှင့် (သံလုံးပစ်) (တစ်ဦးချင်း)ပြိုင်ပွဲတို့၌ ရွှေတံဆိပ်ဆုများရရှိခဲ့သည့် အရာခံဗိုလ်တင်ညို၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ခြင်းလုံး (ကွင်းသွင်း)(အသင်းလိုက်)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် အောင်ဇော်၊ တပ်ကြပ်/၁၃ ကျော်ဇေယျာဝင်း၊ ဒုတိယတပ်ကြပ် စိုးပိုင်ဦး၊ (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ် အားကစားနည်း၌ ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုများ ရရှိအောင် နည်းပြပေးနိုင်ခဲ့သည့် ဒုတိယ အရာခံဗိုလ် သက်ဝင်းတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ၊ ပြေးခုန်ပစ်(မီတာ ၂၀၀)(တစ်ဦးချင်း) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ်(မီတာ ၁၀၀)(တစ်ဦးချင်း)ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုတို့ရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် စိုးပေ၊ ပြေးခုန်ပစ်(သံလုံးပစ်)(တစ်ဦးချင်း)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှင့် ငွေတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ်ကြီး ရဲမင်းစိုး၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နပန်း (တစ်ဦးချင်း)ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုရရှိခဲ့သည့် အရပ်သားအစားခန့် ဝန်ထမ်း မသဲသိမ့်သိမ့်သူ၊ (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ် အားကစားနည်း၌ ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုများ ရရှိအောင် နည်းပြပေးနိုင်ခဲ့သည့် အုပ်ချုပ် တပ်ကြပ်ကြီး/၅၂ အောင်သူထွန်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် နည်းပြများအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် နည်းပြများကိုယ်စား ဒုတိယအရာခံဗိုလ် စိုးပေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နပန်း (တစ်ဦးချင်း)ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုရရှိခဲ့သည့် အရပ်သားအစားခန့် ဝန်ထမ်းမသဲသိမ့်သိမ့်သူအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် နည်းပြများအား လက်ဖက်ရည်ဝိုင်းဖြင့် ဂုဏ်ပြုညှော်ခံခဲ့ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဂုဏ်ပြုညှော်ခံဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင်တပ်မတော်သား အားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

★ **အားကစားမှပေးသည့် "အနိုင်မခံ အရှုံးမပေး" စိတ်ဓာတ်သည် နိုင်ငံတော်တည်ဆောက်ရေး နှင့်ပါ ဆက်စပ်လျက်ရှိ**

★ **မိမိကိုယ်ကို အရှုံးမပေးခြင်း၊ မိမိအသင်းကို အရှုံးမပေးခြင်းသည် မိမိတို့၏ ဂုဏ်သိက္ခာကို ကာကွယ်ခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ ပုံရိပ်ကို မကျဆင်းအောင် ထိန်းသိမ်းပေးခြင်း လည်းဖြစ်**

★ **အားကစားသမားများသာမက နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမည်ဆိုသည့် အသိတရားများ ကိန်းအောင်းနေကြရန် လိုအပ်**

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၃၅ / ၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၁ ရက်)

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်**
**ကိုယ်စားလှယ်အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများ အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးဖြစ်၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၁ အရ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| **ကချင်ပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၂၇၃၅၁ | ဗိုလ်မှူးကြီး | ကျော်သူရ |
| (၂) | ကြည်း ၂၆၇၈၄ | ဗိုလ်မှူးကြီး | ကျော်ဇေယျ |
| (၃) | ကြည်း ၃၇၂၆၄ | ဒုတိယဗိုလ်မှူးကြီး | သက်မင်းဦး |
| (၄) | ကြည်း ၃၀၀၀၃ | ဗိုလ်မှူး | တင်ကိုကို |
| (၅) | ကြည်း ၃၀၇၆၄ | ဗိုလ်မှူး | ကျော်သူမျိုး |
| (၆) | ကြည်း ၅၁၄၃၃ | ဗိုလ်ကြီး | ရန်အောင်ခိုင် |
| (၇) | ကြည်း ၅၇၄၆၇ | ဗိုလ်ကြီး | သက်ပိုင်စိုး |
| (၈) | ကြည်း ၆၁၄၇၂ | ဗိုလ်ကြီး | တင်ကိုကိုထွေး |
| (၉) | ကြည်း ၆၄၄၁၀ | ဗိုလ်ကြီး | ထက်မြက်အောင် |
| (၁၀) | ကြည်း ၇၄၁၆၀ | ဗိုလ်ကြီး | ရဲကိုမြင့် |
| (၁၁) | လေ ၃၉၅၄ | ဗိုလ်ကြီး | တက်တိုး |
| **ကယားပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၂၆၈၆၃ | ဗိုလ်မှူးကြီး | သန်းစိုးအောင် |
| (၂) | ကြည်း ၂၅၇၉၀ | ဗိုလ်မှူးကြီး | အောင်ကျော်မြင့် |
| (၃) | ကြည်း ၅၂၇၈၁ | ဗိုလ်ကြီး | ခန့်စည်သူ |
| (၄) | အင်န် ၉၁၉ | ဗိုလ်ကြီး | ဒေါ်ကြူကြူခိုင် |
| **ကရင်ပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၂၇၂၃၈ | ဗိုလ်မှူးကြီး | မင်းသူကျော် |
| (၂) | ကြည်း ၂၄၀၉၆ | ဗိုလ်မှူးကြီး | သန်းထိုက် |
| (၃) | ကြည်း ၃၅၇၈၂ | ဒုတိယဗိုလ်မှူးကြီး | ကျော်သူရဝင်း |
| (၄) | ကြည်း ၄၂၆၅၃ | ဗိုလ်ကြီး | ခိုင်ထွန်းဦး |
| (၅) | ကြည်း ၇၁၇၁၁ | ဗိုလ်ကြီး | ဇော်ဝင်းငွေ |
| (၆) | ကြည်း ၇၃၂၄၈ | ဗိုလ်ကြီး | စိုးပြည့်ဘို |
| **ချင်းပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၃၀၁၈၄ | ဗိုလ်မှူးကြီး | ခင်မောင်ထွေး |
| (၂) | ကြည်း ၂၅၉၉၄ | ဗိုလ်မှူးကြီး | စောထွန်း |
| (၃) | ကြည်း ၃၅၄၁၉ | ဗိုလ်မှူး | အာကာကျော်မိုး |
| (၄) | ကြည်း ၆၄၅၈၃ | ဗိုလ်ကြီး | ဇော်ရဲနိုင် |
| **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၂၄၉၉၃ | ဗိုလ်မှူးကြီး | ဝင်းတင်စိုး |
| (၂) | ကြည်း ၂၇၉၃၂ | ဗိုလ်မှူးကြီး | မင်းမင်းဦး |
| (၃) | ကြည်း ၂၈၇၇၉ | ဒုတိယဗိုလ်မှူးကြီး | အောင်ပိုင်ဦး |
| (၄) | ကြည်း ၂၉၁၀၉ | ဗိုလ်မှူး | မင်းထွဋ် |
| (၅) | ကြည်း ၃၃၆၈၈ | ဗိုလ်မှူး | မင်းဇော် |
| (၆) | ကြည်း ၃၄၉၂၁ | ဗိုလ်မှူး | သန့်ဇင်ဦး |
| (၇) | ကြည်း ၄၁၂၇၂ | ဗိုလ်မှူး | ကြည်သာအောင် |
| (၈) | ကြည်း ၄၇၉၄၅ | ဗိုလ်မှူး | ဝေဖြိုးသာ |
| (၉) | ကြည်း ၅၀၉၂၉ | ဗိုလ်မှူး | အောင်ကိုကိုဝင်း |
| (၁၀) | ကြည်း ၅၁၆၄၀ | ဗိုလ်မှူး | နေလင်းထွန်း |
| (၁၁) | ကြည်း ၅၃၇၂၈ | ဗိုလ်မှူး | ငြိမ်းချမ်းကို |
| (၁၂) | လေ ၃၀၅၃ | ဗိုလ်မှူး | သိန်းလင်းထွန်း |
| (၁၃) | ကြည်း ၃၅၀၅၁ | ဗိုလ်ကြီး | တိုးမြင့်ဝင်း |
| (၁၄) | ကြည်း ၅၀၉၈၃ | ဗိုလ်ကြီး | ကျော်ကျော် |
| (၁၅) | ကြည်း ၅၁၄၂၂ | ဗိုလ်ကြီး | သန်းနိုင်ထွန်း |
| (၁၆) | ကြည်း ၅၃၄၁၇ | ဗိုလ်ကြီး | ရဲရန်နိုင် |
| (၁၇) | ကြည်း ၅၃၅၄၈ | ဗိုလ်ကြီး | ဖြိုးပြည့်စုံ |
| (၁၈) | ကြည်း ၅၉၃၁၅ | ဗိုလ်ကြီး | ကျော်ဝင်းသန့် |
| (၁၉) | ကြည်း ၆၇၅၃၀ | ဗိုလ်ကြီး | ဒေါ်သီရိဟန် |
| (၂၀) | ကြည်း ၇၄၄၅၀ | ဗိုလ်ကြီး | ထက်အောင်ရှိန်း |
| (၂၁) | လေ ၃၅၀၂ | ဗိုလ်ကြီး | ထွန်းသန်းဝင်း |
| **တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၃၁၆၆၇ | ဗိုလ်မှူးကြီး | သိန်းဇော်မြင့် |
| (၂) | ကြည်း ၂၇၁၅၁ | ဗိုလ်မှူးကြီး | အောင်ကိုလတ် |
| (၃) | ကြည်း ၃၁၉၈၈ | ဒုတိယဗိုလ်မှူးကြီး | နန်းထက်ဝင်း |
| (၄) | လေ ၂၇၃၅ | ဗိုလ်မှူး | မျိုးသက်ဦး |
| (၅) | ကြည်း ၆၆၂၃၈ | ဗိုလ်ကြီး | ဇင်ကိုမောင် |
| (၆) | ရေ ၄၆၇၇ | ဗိုလ်ကြီး | မင်းပြည့် |
| (၇) | လေ ၄၁၄၆ | ဗိုလ်ကြီး | သက်ပိုင်မိုး |
| **ပဲခူးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၂၉၁၇၃ | ဗိုလ်မှူးကြီး | ညီလန်းချို |
| (၂) | ကြည်း ၂၇၉၇၈ | ဗိုလ်မှူးကြီး | သန်းလှိုင်ဝင်း |
| (၃) | ကြည်း ၃၃၇၉၇ | ဗိုလ်မှူး | ထွန်းထွန်း |
| (၄) | ကြည်း ၃၃၈၆၉ | ဗိုလ်မှူး | လေးနိုင် |
| (၅) | ကြည်း ၃၄၉၅၆ | ဗိုလ်မှူး | ဇော်လင်းအောင် |
| (၆) | ကြည်း ၃၅၃၆၄ | ဗိုလ်မှူး | ဟိန်းဇေမြင့် |
| (၇) | ကြည်း ၃၇၈၁၀ | ဗိုလ်မှူး | ကျော်သက်နိုင် |
| (၈) | ကြည်း ၄၈၁၈၀ | ဗိုလ်မှူး | ခိုင်လွင်ထူး |
| (၉) | ကြည်း ၄၈၄၄၅ | ဗိုလ်မှူး | မင်းသူအောင် |
| (၁၀) | ကြည်း ၃၆၆၄၅ | ဗိုလ်ကြီး | မျိုးမင်းဇော် |
| (၁၁) | ကြည်း ၃၉၄၁၄ | ဗိုလ်ကြီး | လူမော်မြင့် |
| (၁၂) | ကြည်း ၄၉၀၉၇ | ဗိုလ်ကြီး | မောင်မောင်လွင် |
| (၁၃) | ကြည်း ၅၁၀၉၁ | ဗိုလ်ကြီး | သန်းမြတ်လင်း |
| (၁၄) | ကြည်း ၅၂၆၃၁ | ဗိုလ်ကြီး | တင်မောင်လွင် |
| (၁၅) | ကြည်း ၅၇၄၅၉ | ဗိုလ်ကြီး | ဖြိုးသူရမောင် |
| (၁၆) | ကြည်း ၆၂၂၄၅ | ဗိုလ်ကြီး | အောင်စစ်မောင် |
| (၁၇) | ကြည်း ၇၉၂၄၁ | ဗိုလ်ကြီး | ဒေါ်သဲနုဇာ |
| (၁၈) | လေ ၄၀၂၈ | ဗိုလ်ကြီး | ဒေါ်နီလာမြင့် |
| (၁၉) | အင်န် ၈၇၉ | ဗိုလ်ကြီး | ဒေါ်ဇင်မာဝမ်း |
| **မကွေးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၂၂၄၀၅ | ဗိုလ်မှူးကြီး | မိုးမင်းသိန်း |
| (၂) | ကြည်း ၂၆၈၇၀ | ဗိုလ်မှူးကြီး | ကျော်သန်းဆွေ |
| (၃) | ကြည်း ၃၆၅၀၂ | ဒုတိယဗိုလ်မှူးကြီး | ဇော်ဦးလတ် |
| (၄) | ကြည်း ၂၈၄၆၃ | ဗိုလ်မှူး | ကျော်ကျော်စိုး |
| (၅) | ကြည်း ၄၈၃၈၅ | ဗိုလ်မှူး | ဇာနည်မောင် |
| (၆) | ကြည်း ၄၈၄၆၅ | ဗိုလ်မှူး | အောင်စိုးထွန်း |
| (၇) | ကြည်း ၅၁၂၄၅ | ဗိုလ်မှူး | လွင်မိုး |
| (၈) | လေ ၂၈၈၈ | ဗိုလ်မှူး | နိုင်လင်း |
| (၉) | အင်န် ၈၀၃ | ဗိုလ်မှူး | ဒေါ်အိအိဝင်း |
| (၁၀) | ကြည်း ၃၄၉၆၀ | ဗိုလ်ကြီး | ကျော်ထွန်း |
| (၁၁) | ကြည်း ၅၀၀၇၄ | ဗိုလ်ကြီး | ခိုင်ဇော်ဝေ |
| (၁၂) | ကြည်း ၅၁၅၆၃ | ဗိုလ်ကြီး | ဉာဏ်လင်းထွန်း |
| (၁၃) | ကြည်း ၅၃၈၄၄ | ဗိုလ်ကြီး | သက်ပိုင်ဦး |
| (၁၄) | ကြည်း ၅၄၄၄၁ | ဗိုလ်ကြီး | မျိုးမင်းထွန်း |
| (၁၅) | ကြည်း ၅၆၀၆၅ | ဗိုလ်ကြီး | မိုးဇေယျာငွေး |
| **မန္တလေးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၃၂၁၃၂ | ဗိုလ်မှူးကြီး | နေလင်းစိုး |
| (၂) | ကြည်း ၂၆၇၈၈ | ဗိုလ်မှူးကြီး | ကျော်စိန်ထွန်း |
| (၃) | ကြည်း ၂၆၉၃၆ | ဒုတိယဗိုလ်မှူးကြီး | နိုင်လင်း |
| (၄) | ကြည်း ၂၈၃၂၄ | ဒုတိယဗိုလ်မှူးကြီး | ကျော်ဝင်း |
| (၅) | ကြည်း ၃၂၅၇၁ | ဒုတိယဗိုလ်မှူးကြီး | မြင့်နိုင် |
| (၆) | ကြည်း ၃၀၄၁၉ | ဒုတိယဗိုလ်မှူးကြီး | သက်နိုင်ဦး |
| (၇) | ကြည်း ၃၀၅၄၆ | ဒုတိယဗိုလ်မှူးကြီး | မျိုးမြင့်လေး |
| (၈) | ကြည်း ၃၇၉၀၉ | ဗိုလ်မှူး | အေးလင်းထွန်း |
| (၉) | ကြည်း ၃၉၂၄၇ | ဗိုလ်မှူး | ငွေးဦးခိုင် |
| (၁၀) | ကြည်း ၄၇၄၅၆ | ဗိုလ်မှူး | ကျော်ကိုဦး |
| (၁၁) | ကြည်း ၅၁၃၂၂ | ဗိုလ်ကြီး | ဝဏ္ဏနိုင် |
| (၁၂) | ကြည်း ၄၂၆၄၀ | ဗိုလ်ကြီး | အောင်ထွန်း |
| (၁၃) | ကြည်း ၅၂၇၀၂ | ဗိုလ်ကြီး | မိုးမင်းသူ |
| (၁၄) | ကြည်း ၅၃၇၈၉ | ဗိုလ်ကြီး | နေဇော်စိုး |
| (၁၅) | ကြည်း ၆၇၄၉၀ | ဗိုလ်ကြီး | ဒေါ်ငြိမ်းဆုရည် |
| (၁၆) | ကြည်း ၆၇၅၀၆ | ဗိုလ်ကြီး | ဒေါ်အိထက်ပိုင် |
| (၁၇) | ကြည်း ၇၀၂၀၂ | ဗိုလ်ကြီး | ဒေါ်အိမွန်လှိုင် |
| (၁၈) | ကြည်း ၇၁၅၅၆ | ဗိုလ်ကြီး | ဒေါ်စိမ်းလဲ့ချို |

စာမျက်နှာ ၇ သို့ ☆

# အထူးကျေးဇူးတင်ရှိကြောင်း အသိပေးထုတ်ပြန်ချက်

**နေပြည်တော်၊ ဖေဖော်ဝါရီလ ၁၁ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက် ကျင်းပပြုလုပ်ခဲ့ရာ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲတစ်ရပ်အဖြစ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂။ ထိုကဲ့သို့ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ပြည်တွင်း/ ပြည်ပမှ ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၊ စေတနာစွမ်းအား၊ ဉာဏ်ပညာစွမ်းအား၊ ဝီရိယစွမ်းအားများဖြင့် နိုင်ငံတော်တာဝန်တစ်ရပ်အဖြစ် အားသွန်ခွန်စိုက်တာဝန်ကျေပွန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ အများယုံကြည်လေးစားခြင်းခံရသူပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအားလုံးကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အထူးကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

☆ စာမျက်နှာ ၆ မှ

**မွန်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ရေ ၃၄၇၅ | ဗိုလ်မှူးချုပ် | အောင်ဝင်းသန်း |
| (၂) | ကြည်း ၂၆၈၂၉ | ဗိုလ်မှူးကြီး | ကျော်စွာမြင့် |
| (၃) | ကြည်း ၂၄၉၂၃ | ဗိုလ်မှူးကြီး | မောင်မောင်လတ် |
| (၄) | ကြည်း ၄၄၁၃၈ | ဗိုလ်မှူး | ညီဗိုလ်ဗိုလ်စိုး |
| (၅) | အင်န် ၇၄၉ | ဗိုလ်မှူး | ဒေါ်ငုဝါကြည် |
| (၆) | အင်န် ၇၈၅ | ဗိုလ်မှူး | ဒေါ်သက်သက်စိုး |
| (၇) | အင်န် ၉၂၅ | ဗိုလ်ကြီး | ဒေါ်မြင့်မြင့်နွယ် |
| (၈) | အင်န် ၉၅၅ | ဗိုလ်ကြီး | ဒေါ်သူဇာ |

**ရခိုင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၅၇၇၅ | ဗိုလ်မှူးကြီး | ကျော်သူရ |
| (၂) | ကြည်း ၂၆၈၇၅ | ဗိုလ်မှူးကြီး | ထွန်းထွန်းဝင်း |
| (၃) | ကြည်း ၃၄၇၃၈ | ဗိုလ်မှူး | ကျော်ဇေယျ |
| (၄) | ကြည်း ၅၅၀၄၇ | ဗိုလ်ကြီး | လွှမ်းမိုးနိုင် |
| (၅) | ကြည်း ၅၉၅၃၁ | ဗိုလ်ကြီး | စစ်မင်းနိုင် |
| (၆) | ကြည်း ၇၄၁၆၉ | ဗိုလ်ကြီး | လွင်အောင်မြတ် |
| (၇) | ရေ ၅၃၈၇ | ဗိုလ်ကြီး | သက်ကိုကိုဦး |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၁၈၉၇ | ဗိုလ်မှူးကြီး | ဝင်းတင့် |
| (၂) | ကြည်း ၂၆၂၄၂ | ဗိုလ်မှူးကြီး | ဇော်မျိုးထွဋ် |
| (၃) | ကြည်း ၃၃၆၃၈ | ဒုတိယဗိုလ်မှူးကြီး | တင်မျိုးလတ် |
| (၄) | ရေ ၄၂၀၅ | ဒုတိယဗိုလ်မှူးကြီး | သက်တင်အောင် |
| (၅) | လေ ၂၄၂၅ | ဒုတိယဗိုလ်မှူးကြီး | ဝေမိုးအောင် |
| (၆) | အင်န် ၅၃၇ | ဒုတိယဗိုလ်မှူးကြီး | ဒေါ်အေးအေးမာ |
| (၇) | ကြည်း ၂၈၄၇၀ | ဗိုလ်မှူး | သက်နိုင်ဦး |
| (၈) | ကြည်း ၃၀၆၆၈ | ဗိုလ်မှူး | လှထွန်း |
| (၉) | ကြည်း ၃၃၅၂၀ | ဗိုလ်မှူး | ကျော်မိုးသွင် |
| (၁၀) | ကြည်း ၃၇၆၆၇ | ဗိုလ်မှူး | နိုင်ထွန်းအောင် |
| (၁၁) | ကြည်း ၃၈၅၃၃ | ဗိုလ်မှူး | အောင်ဖြိုးဟန် |
| (၁၂) | ကြည်း ၄၀၉၅၄ | ဗိုလ်မှူး | ပြည့်ဝင်းအောင် |
| (၁၃) | ကြည်း ၄၀၉၈၂ | ဗိုလ်မှူး | စိုးလင်းနောင် |
| (၁၄) | ကြည်း ၄၃၁၁၄ | ဗိုလ်မှူး | ကျော်ကျော် |
| (၁၅) | ကြည်း ၄၃၆၆၈ | ဗိုလ်မှူး | ဆန်းမောင်မောင်မြင့် |
| (၁၆) | ကြည်း ၄၇၄၃၈ | ဗိုလ်မှူး | သိုက်ထွန်းဇော် |
| (၁၇) | ရေ ၄၂၄၄ | ဗိုလ်မှူး | ဖြိုးသူရကျော် |
| (၁၈) | ရေ ၄၃၈၄ | ဗိုလ်မှူး | ကျော်ကျော်မင်း |
| (၁၉) | လေ ၂၆၁၂ | ဗိုလ်မှူး | ဝင်းနိုင် |
| (၂၀) | လေ ၃၀၈၂ | ဗိုလ်မှူး | ဆွေမြင့်ဦး |
| (၂၁) | ကြည်း ၂၈၅၇၆ | ဗိုလ်ကြီး | ထွန်းမြင့်လတ် |
| (၂၂) | ကြည်း ၅၁၂၇၆ | ဗိုလ်ကြီး | ဝဏ္ဏစိန်မြင့် |
| (၂၃) | ကြည်း ၅၄၇၇၄ | ဗိုလ်ကြီး | ဟန်ဇော်လင်း |
| (၂၄) | ကြည်း ၅၈၁၂၂ | ဗိုလ်ကြီး | ခင်မောင်ချို |
| (၂၅) | ကြည်း ၆၂၀၆၈ | ဗိုလ်ကြီး | ပြည့်အောင်စိုး |
| (၂၆) | ကြည်း ၆၂၅၁၈ | ဗိုလ်ကြီး | စိုးထက်အောင် |
| (၂၇) | ကြည်း ၇၀၂၀၀ | ဗိုလ်ကြီး | ဒေါ်ဝင်းရွှေစင်ထွန်း |
| (၂၈) | ကြည်း ၇၁၅၅၉ | ဗိုလ်ကြီး | ဒေါ်ခင်စန္ဒာကျော် |
| (၂၉) | ကြည်း ၇၁၅၆၂ | ဗိုလ်ကြီး | ဒေါ်သဲနုစံ |
| (၃၀) | အင်န် ၈၅၉ | ဗိုလ်ကြီး | ဒေါ်ကြူကြူထွန်း |
| (၃၁) | အင်န် ၉၃၅ | ဗိုလ်ကြီး | ဒေါ်ခင်ရတနာလှိုင် |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၄၉၇၀ | ဗိုလ်မှူးကြီး | စိန်ဝင်း |
| (၂) | ကြည်း ၂၅၇၅၅ | ဗိုလ်မှူးကြီး | အောင်မျိုးသန်း |
| (၃) | ကြည်း ၂၇၄၀၂ | ဒုတိယဗိုလ်မှူးကြီး | မြင့်မောင် |
| (၄) | ကြည်း ၃၀၅၄၅ | ဒုတိယဗိုလ်မှူးကြီး | ညီညီတင် |
| (၅) | ကြည်း ၃၂၃၇၂ | ဒုတိယဗိုလ်မှူးကြီး | ဝင်းကျော်ကျော် |
| (၆) | လေ ၂၇၇၁ | ဒုတိယဗိုလ်မှူးကြီး | အောင်စိုး |
| (၇) | ကြည်း ၂၉၁၃၂ | ဗိုလ်မှူး | ကျော်သူဝင်း |
| (၈) | ကြည်း ၂၄၀၅၀ | ဗိုလ်မှူး | လှမိုးသိန်း |
| (၉) | ကြည်း ၂၅၂၉၇ | ဗိုလ်မှူး | ကျော်စိုးလင်း |
| (၁၀) | ကြည်း ၂၈၇၈၃ | ဗိုလ်မှူး | မင်းခေါင် |
| (၁၁) | ကြည်း ၃၂၅၇၇ | ဗိုလ်မှူး | ဇော်ဝင်းဦး |
| (၁၂) | ကြည်း ၃၃၄၀၄ | ဗိုလ်မှူး | အောင်သူရ |
| (၁၃) | ကြည်း ၃၆၄၃၀ | ဗိုလ်မှူး | ဖြိုးသီဟကျော် |
| (၁၄) | ကြည်း ၃၈၈၁၃ | ဗိုလ်မှူး | အောင်ကိုကို |
| (၁၅) | ကြည်း ၄၀၄၂၉ | ဗိုလ်မှူး | ဖြိုးထက်ဦး |
| (၁၆) | ကြည်း ၄၂၃၈၁ | ဗိုလ်မှူး | ဇော်မျိုးဝေ |
| (၁၇) | ကြည်း ၄၅၄၁၇ | ဗိုလ်မှူး | အောင်အောင်မျိုး |
| (၁၈) | ကြည်း ၄၇၁၄၇ | ဗိုလ်မှူး | စိုင်းလောင်မုန်း |
| (၁၉) | ကြည်း ၄၇၆၁၄ | ဗိုလ်မှူး | ဉာဏ်လင်းအောင် |
| (၂၀) | အင်န် ၈၁၄ | ဗိုလ်မှူး | ဒေါ်ခင်သန္တာအုန်းသိန်း |
| (၂၁) | အင်န် ၈၄၀ | ဗိုလ်မှူး | ဒေါ်ဝေနှင်းအောင် |
| (၂၂) | ကြည်း ၃၃၇၃၁ | ဗိုလ်ကြီး | တေဇာအောင် |
| (၂၃) | ကြည်း ၃၅၀၇၅ | ဗိုလ်ကြီး | ကျော်ဝင်းလှိုင် |
| (၂၄) | ကြည်း ၄၂၇၁၅ | ဗိုလ်ကြီး | စိုးမင်းဌေး |
| (၂၅) | ကြည်း ၄၉၀၉၈ | ဗိုလ်ကြီး | သော်ဇင်ဝင်း |
| (၂၆) | ကြည်း ၄၉၅၀၈ | ဗိုလ်ကြီး | ညီညီထွန်း |
| (၂၇) | ကြည်း ၅၂၀၁၉ | ဗိုလ်ကြီး | မျိုးမင်းစိုး |
| (၂၈) | ကြည်း ၅၂၅၄၁ | ဗိုလ်ကြီး | ဇေယျာလင်း |
| (၂၉) | ကြည်း ၅၉၂၆၆ | ဗိုလ်ကြီး | ဇင်မင်းထွန်း |
| (၃၀) | ကြည်း ၆၅၅၈၂ | ဗိုလ်ကြီး | ဒေါ်နန်းဟေမာဝေညို |
| (၃၁) | ကြည်း ၆၇၁၇၆ | ဗိုလ်ကြီး | ဒေါ်ပြုံးသိင်္ဂီ |
| (၃၂) | ကြည်း ၇၂၉၅၁ | ဗိုလ်ကြီး | ဒေါ်ဖြိုးသဇင်ကျော် |
| (၃၃) | ကြည်း ၇၄၂၉၈ | ဗိုလ်ကြီး | ဒေါ်မေစစ်သူ |

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၀၁၀၇ | ဗိုလ်မှူးကြီး | ခန့်မွန်ဆွေ |
| (၂) | ကြည်း ၃၁၈၈၃ | ဗိုလ်မှူးကြီး | သန်းထွန်းအောင် |
| (၃) | ကြည်း ၃၄၇၁၇ | ဗိုလ်မှူး | နေဝင်းနောင် |
| (၄) | ကြည်း ၃၉၆၇၃ | ဗိုလ်မှူး | အောင်ဇော်ထိုက် |
| (၅) | ကြည်း ၄၇၅၂၁ | ဗိုလ်မှူး | ဇေယျာလင်း |
| (၆) | ကြည်း ၄၇၇၆၉ | ဗိုလ်မှူး | သက်ပိုင်ထွဋ်း |
| (၇) | ကြည်း ၄၈၈၄၂ | ဗိုလ်မှူး | ဖြိုးဝေငြိမ်း |
| (၈) | ရေ ၄၂၆၈ | ဗိုလ်မှူး | ကျော်တေဇ |
| (၉) | ကြည်း ၄၈၃၆၁ | ဗိုလ်ကြီး | ဇော်ဝမ်း |
| (၁၀) | ကြည်း ၅၃၇၅၈ | ဗိုလ်ကြီး | ထွန်းခိုင်လင်း |
| (၁၁) | ကြည်း ၆၅၅၀၇ | ဗိုလ်ကြီး | ထွန်းလင်းနောင် |
| (၁၂) | ကြည်း ၆၆၀၈၄ | ဗိုလ်ကြီး | အောင်သူစိုး |
| (၁၃) | ကြည်း ၇၁၀၅၄ | ဗိုလ်ကြီး | ဝေယံမင်းခန့် |
| (၁၄) | ရေ ၅၂၅၄ | ဗိုလ်ကြီး | ဖြိုးဝေအောင် |
| (၁၅) | လေ ၄၂၃၂ | ဗိုလ်ကြီး | သန်းထိုက်ဇော် |
| (၁၆) | လေ ၄၃၄၃ | ဗိုလ်ကြီး | ဒေါ်ဟန်နီအောင်မိုး |
| (၁၇) | အင်န် ၈၇၈ | ဗိုလ်ကြီး | ဒေါ်မေသူသူဝင်း |
| (၁၈) | အင်န် ၉၆၁ | ဗိုလ်ကြီး | ဒေါ်ကြေးမုံဝင်း |

**( ပုံ ) သန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသောက်ကုန်များအား ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပလျက်ရှိသည့် နေပြည်တော်ရင်ပြင် ကွပ်ကဲရေးရုံး၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ပြပွဲသို့လာရောက်ကြည့်ရှုလေ့လာသည့် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြပွဲကျင်းပနေစဉ် ကာလအတွင်း ပြည်ထောင်စု ဝန်ကြီးများက လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုထားသဖြင့် နေ့စဉ်အသိပညာပေးဆွေးနွေးပွဲများကို ကျင်းပလျက်ရှိကြောင်း၊ ယနေ့တွင် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက စားသောက်ကုန်များထုတ်လုပ်ရာတွင် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

ထုတ်ကုန်ပစ္စည်းများအလိုက် ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထုတ်ကုန် ပစ္စည်းများသည် ဈေးကွက်ရှိမှသာ ရေရှည်တည်တံ့နိုင်မည်ဖြစ်၍ ဈေးကွက်ဝေစုများပြားစွာ ရရှိရန်နှင့် သုံးစွဲသူပြည်သူများ ယုံကြည်စိတ်ချစွာ စားသုံးနိုင်ရန် အရေးကြီးကြောင်း၊ ယနေ့ ဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များနှင့် မရှင်းလင်းသည့်အချက်များရှိပါက ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ဝန်ကြီးဌာနကြီးကြပ်မှု အောက်ရှိ တက္ကသိုလ်များ၌ ကဏ္ဍအသီးသီးနှင့်စပ်လျဉ်းသည့် သုတေသနစာတမ်းများကို ပြုစုလျက်ရှိပြီး အများပြည်သူသိရှိနိုင်ရန် ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် လွှင့်တင်ထားရှိသည့်အပြင် အခါအားလျော်စွာ အသိပညာပေးဆွေးနွေးပွဲများကိုကျင်းပပြုလုပ်၍ နည်းပညာများဖြန့်ဝေပေးလျက် ရှိကြောင်း၊ ထို့ပြင် ယခုကျင်းပလျက်ရှိသည့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပညာရေးဝန်ကြီးဌာန၏ ပြခန်းတွင် MSME များနှင့်ပတ်သက်၍ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် သုတေသနပြုလုပ်ထားသည့်အခြေအနေကို ခင်းကျင်းပြသထားပါကြောင်း၊ သုတေသနပြုလုပ်ခြင်းမှရရှိလာသည့် ရလဒ်များကို လုပ်ငန်းရှင်များမှလက်တွေ့လိုက်ပါ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်အကျိုးရှိစေနိုင်မည် ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် တက္ကသိုလ်များနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် Naypyitaw State Academy ဓာတုဗေဒဌာနမှ ပါမောက္ခ ဒေါက်တာ လှသီတာအောင်က စားသုံးဆီမထုတ်ယူမီနှင့် ထုတ်ယူပြီး မြေပဲစေ့နှင့် နှမ်းစေ့တို့တွင်ပါဝင်သော အဖလက်တွန်ဆင်(Aflatoxin) ပမာဏကို တိုင်းတာစစ်ဆေးခြင်း ခေါင်းစဉ်ဖြင့်ဆွေးနွေးမှုအပေါ် တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး ဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ ဘွိုင်လာသင်တန်းခန်းမ၌ ကျင်းပသည့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများ သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်သည်။

သင်တန်း ဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က သင်တန်းတွင် ထူးချွန်ဆုရရှိသူ သုံးဦးအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသား ခေါင်းဆောင်ထံ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) စတုတ္ထနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၌ ဒေသထွက်ကုန်များအား ပြပွဲလာပြည်သူများ ဝယ်ယူအားပေးနေမှုကို တွေ့ရစဉ်။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) ကို ဖေဖော်ဝါရီ ၁၄ ရက်အထိ ကျင်းပသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို တစ်ရက်တိုး၍ ဖေဖော်ဝါရီ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့ ပြည်သူအများအပြား စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြပြီး ထုတ်ကုန်များကို ဝယ်ယူမှုများပြားနေခြင်း၊ ရုံးပိတ်ရက်များနှင့် တိုက်ဆိုင်လျက်ရှိခြင်းတို့ကြောင့် ပြည်သူများ ပိုမိုလေ့လာကြည့်ရှုဝယ်ယူနိုင်စေရန် ရည်ရွယ်ကြောင်း ပြပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

ယနေ့ပြပွဲစတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရင်ပြင်၌ ကျင်းပရာ ဝန်ကြီးဌာနများမှဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ဒေသခံပြည်သူ အများအပြား စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပြည်ထောင်စုဝန်ကြီးဌာန ပြခန်းများ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်ကုန်ပစ္စည်းပြခန်းများ၊ ပြင်ပကုမ္ပဏီ ၂၉ ခုက ဝင်ရောက်ပြသသည့် ပြခန်းများ စုစုပေါင်း ပြခန်း ၁၂၀ ကျော်၌ အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသရောင်းချလျက်ရှိပြီး ပြပွဲစတုတ္ထနေ့တွင် အနယ်နယ်အရပ်ရပ်မှ ပြပွဲလာပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ပြခန်းများအလိုက် ခင်းကျင်းပြသထားသည့် ဒေသအလိုက် ထွက်ရှိသော တိုင်းရင်းသားရိုးရာ အစားအစာများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့ တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုပြခန်းတာဝန်ရှိသူများက သက်ဆိုင်ရာပြခန်းအလိုက် ရှင်းလင်းဆွေးနွေးပေးလျက်ရှိသည်။

**စည်ကားလျက်ရှိ**

ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြခန်းများ၌ ဒေသထွက်အစားအစာများ၊ စားသောက်ကုန်များနှင့် ကုန်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ တိုင်းရင်းသားရိုးရာဝတ်စုံများ၊ အိမ်သုံးပစ္စည်း၊ လယ်ယာသုံးပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့်အတွက် ပြပွဲလာပြည်သူများ၏ ဝယ်ယူအားပေးမှုဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်စားသောက်ဖွယ်ရာများကို ယင်းဒေသ၏ လက်ရာ၊ အရသာ၊ ပုံစံအတိုင်း သုံးဆောင်နိုင်ရန်နှင့် သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူနိုင်အောင် ရောင်းချပေးလျက်ရှိသည်။

ပြပွဲရက်များအတွင်း ညပိုင်းတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် ဖျော်ဖြေရေးအစီအစဉ်များကို ထည့်သွင်းကျင်းပလျက်ရှိပြီး နိုင်ငံကျော် အနုပညာရှင်များ၏ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် မြူးမြူးကြွကြွ သီဆိုကပြဖျော်ဖြေမှုများတွင် ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ခေတ္တရပ်နားထားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များဖြင့် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း – မင်းကျော်စွာ**
**ဓာတ်ပုံ – အောင်မင်းထွန်း**

# တစ်နှစ်ထက် တစ်နှစ် ပစ္စည်းကိရိယာတွေ တိုးတက်ထုတ်လုပ်ပြီး နောင်တစ်ချိန်မှာ လျှပ်စစ်သုံးယာဉ်တစ်စီးလုံးကို ပြည်တွင်းပစ္စည်းတွေနဲ့သာ ထုတ်လုပ်သွားနိုင်အောင် ကြိုးစားနေပါတယ်

**ဦးကျော်စွာစိုး**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ခြောက်ရက်တာ ကျင်းပလျက်ရှိသည်။

ပြပွဲတွင် ပြခန်းပေါင်း ၁၂၀ ကျော်နှင့် ပြင်ပကုမ္ပဏီ ၂၉ ခုတို့က ပါဝင်ပြသရောင်းချလျက်ရှိပြီး ပါဝင်ပြသရောင်းချကြသည့် လုပ်ငန်းရှင်များ၏ စကားသံများကို ဖော်ပြလိုက်ရပါသည် –

တွေ့ဆုံမေးမြန်း - မင်းကျော်စွာ
ဓာတ်ပုံ - အောင်မင်းထွန်း



ဦးမြင့်ဝင်း



ဦးကျော်စွာစိုး



ဦးဟိန်းမင်းထက်



ဒေါ်ကြွယ်ကြွယ်



ဦးမျိုးမြင့်ထွန်း



ဦးကျော်စိုး

**ဦးမြင့်ဝင်း**
**Manufacturing Director**
**SUPER SEVEN STARS INDUSTRIAL DEVELOPMENT CO.,LTD**

အဓိကကတော့ ဒီနှစ်မှာ Advanced Technology သုံးထားတဲ့ စက်ကိရိယာတွေ ပါဝင်ပြသထားပါတယ်။ ထုပ်ပိုးမှုအပိုင်းနဲ့ သက်ဆိုင်တဲ့ စက်ကိရိယာတွေဆိုရင် နည်းပညာအပိုင်းက မြင့်လာတယ်။။ သစ်သီးအခြောက်ခံစက်တွေမှာဆိုရင် နည်းပညာအပိုင်းက မြင့်လာတယ်။ အာလူးကြော်စက်မှာဆိုရင် MSME လုပ်ငန်းရှင်တွေကို တစ်ပိုင်တစ်နိုင် ကျစ်လျစ်လျစ်လျစ်နဲ့ ထုတ်လုပ်မှုလုပ်နိုင်အောင်၊ လုပ်ငန်းလုပ်နိုင်အောင် ပြသထားပါတယ်။ အဲဒီအပြင် နို့နဲ့ နို့ထွက်ပစ္စည်းနဲ့ သက်ဆိုင်တာ၊ ဥစားကြက်မွေးမြူရေးနဲ့ သက်ဆိုင်တာတွေကိုလည်း ပြသထားပါတယ်။ ကျွန်တော်တို့ပြခန်းကို MSME လုပ်ငန်းရှင်တွေ အများဆုံး လာရောက်လေ့လာကြတယ်။ သူတို့ လုပ်ငန်းအတွက် လိုအပ်တဲ့ စက်ကိရိယာတွေနဲ့ ပတ်သက်တာတွေကို တိုင်ပင်ဆွေးနွေးကြပါတယ်။

ကျွန်တော်တို့အနေနဲ့ သူတို့လုပ်ငန်းအတွက် ရင်းနှီးအသုံးပြုရမယ့် ငွေကြေးအရင်းအနှီးနဲ့ ထိုက်တန်အောင် ထိထိရောက်ရောက် အသုံးပြုနိုင်မယ့် စက်ကိရိယာတွေကို ရွေးချယ်ပြသပေးတယ်။ လက်ခံအားပေးကြပါတယ်။ အခုပြပွဲမှာ ရောင်းအားကောင်းတဲ့စက်က ထုပ်ပိုးမှုနဲ့ သက်ဆိုင်တဲ့ စက်တွေများပါတယ်။ ကျွန်တော်တို့က ဝန်ဆောင်မှုပိုင်းကို အပြည့်အဝဆောင်ရွက်ပေးပါတယ်။ မဝယ်သေးခင်မှာ သူတို့နဲ့ တိုင်ပင်ဆွေးနွေးတယ်။ သူတို့ရဲ့ လိုအပ်ချက်တွေအတွက် အကြံပြုဆွေးနွေးပေးတယ်။ တပ်ဆင်တဲ့အပိုင်းကိုလည်း ဆောင်ရွက်ပေးတယ်။ ပြုပြင်ထိန်းသိမ်းမှုအပိုင်းကိုလည်း စီစဉ်ပေးတယ်။ စက်ကိုဝယ်ယူပြီးတာနဲ့ နောက်ထပ်စက်ကိရိယာ အပိုပစ္စည်းတွေလည်း ကျွန်တော်တို့ဆီမှာ အမြဲရှိနေပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ ကျွန်တော်တို့ဆီက စက်ကိုဝယ်ယူသွားပြီးတာနဲ့ စိတ်ချမ်းမြေ့စွာ တန်ဖိုးရှိရှိ အသုံးချနိုင်အောင် ကူညီဆောင်ရွက်ပေးပါတယ်။

**ဦးကျော်စွာစိုး**
**အထွေထွေမန်နေဂျာ၊ NPK Motor Co.,Ltd**

ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ လျှပ်စစ်သုံးမော်တော်ယာဉ်တွေကို SKD စနစ်နဲ့ မြန်မာနိုင်ငံမှာ ပထမဦးဆုံး ထုတ်လုပ်ခဲ့တဲ့ ကုမ္ပဏီဖြစ်ပါတယ်။ Brand အနေနဲ့ကတော့ LEAP Motor Brand ကို ထုတ်လုပ်လျက်ရှိပါတယ်။ အဲဒီလို လျှပ်စစ်သုံးမော်တော်ယာဉ်တွေကို ထုတ်လုပ်တဲ့နေရာမှာ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီရဲ့ လမ်းညွှန်ချက်အတိုင်း SKD Bus တွေကို အုပ်စု ၁၀ စုခွဲပြီး ပြည်ပကနေ တင်သွင်းကာ ပြည်တွင်းမှာ ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ အဲဒီလို ထုတ်လုပ်တဲ့အခါ ပြည်သူတွေ သက်သောင့်သက်သာ အဆင်ပြေပြေ သွားလာနိုင်ရေးကို ရည်ရွယ်ခဲ့ပါတယ်။ အဲဒီလို ရည်ရွယ်ပြီး ထုတ်လုပ်တဲ့အပြင် ဈေးနှုန်းအနေနဲ့ သင့်တင့်တဲ့ ဈေးနှုန်းနဲ့ ရောင်းချပေးသလို အရည်အသွေးအနေနဲ့ ပြည့်ဝနေဖို့အတွက် လိုအပ်တဲ့ ထုတ်လုပ်ရေးသုံးပစ္စည်းတွေ၊ စက်တွေ၊ စမ်းသပ်ပစ္စည်းတွေ၊ စစ်ဆေးရေးပစ္စည်းတွေ အားလုံးကို တပ်ဆင်အသုံးပြုခဲ့တာဖြစ်ပါတယ်။ ထုတ်လုပ်တဲ့ ဝန်ထမ်းတွေကလည်း ကျွမ်းကျင်မှုရှိတဲ့ ဝန်ထမ်းတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ထုတ်လုပ်တဲ့ လျှပ်စစ်သုံးယာဉ်တွေရဲ့ အရည်အသွေးကို အာမခံလို့ ရပါတယ်။

လက်ရှိအချိန်မှာ ထုတ်လုပ်တဲ့ ပုံစံက တစ်စိတ်တစ်ပိုင်း တပ်ဆင်ပြီးတဲ့ အစိတ်အပိုင်းတွေကို ထုတ်လုပ်နေတာဖြစ်ပါတယ်။ ဒုတိယဆင့်အနေနဲ့ ပြည်တွင်းက ပစ္စည်းတွေနဲ့ အစားထိုးထုတ်လုပ်မှာဖြစ်ပါတယ်။ ဥပမာအားဖြင့် တာယာ၊ ထိုင်ခုံတို့ကို ပြည်တွင်းမှာ အစားထိုးထုတ်လုပ်သွားမှာပါ။ တတိယအဆင့်အနေနဲ့ အမယ်တစ်ခုချင်းအလိုက်၊ ပစ္စည်းတစ်ခုချင်းစီအလိုက် ထုတ်လုပ်ပြီး အပြည့်အဝတပ်ဆင်ထုတ်လုပ်ခြင်းအပိုင်းကို သွားမှာဖြစ်ပါတယ်။

အဲဒီလို ကူးပြောင်းသွားတဲ့အခါ တစ်နှစ်ထက်တစ်နှစ် ပစ္စည်းကိရိယာတွေကို တိုးတက်ထုတ်လုပ်ပြီး နောင်တစ်ချိန်မှာ လျှပ်စစ်သုံးယာဉ် တစ်စီးလုံးကို ပြည်တွင်းပစ္စည်းတွေနဲ့သာ ထုတ်လုပ်သွားနိုင်အောင် ကြိုးစားနေပါတယ်။ အဲဒီလို တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်ထုတ်လုပ်နိုင်ဖို့အတွက် နည်းပညာပိုင်းဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုပိုင်းဆိုင်ရာ ပမာဏကများပြားလာမှာဖြစ်တဲ့အတွက် နိုင်ငံတော်အနေနဲ့ အခုထက်ပိုပြီး ပံ့ပိုးကူညီမှုတွေ လုပ်ပေးနိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ ပြီးတော့ အဲဒီလို ထုတ်လုပ်လာနိုင်တာနဲ့အမျှ MSME လုပ်ငန်းတွေဟာလည်း အခုထက်ပိုပြီး တိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်။

**ဦးဟိန်းမင်းထက်**
**Managing Director ၊ GREEN LAND Co.,Ltd**

ကျွန်တော်တို့ GL ကုမ္ပဏီအနေနဲ့ GREEN LAND SOLAR နဲ့ GREEN LAND ( စိမ်းလန်း) ဆိုပြီး လုပ်ငန်းနှစ်မျိုး လုပ်ကိုင်ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြခန်းမှာ အပင်အပိုင်းမှာဆိုရင် နှစ်ရှည်ပျိုးပင်တွေ၊ အရိပ်ရအပင်ကြီးတွေ၊ ယိုးဒယားကိုင်းကူးမျိုး သီးပင်စားပင်တွေ၊ အလှစိုက်ဘွန်စိုင်း အပင်ကြီးတွေကို အပင်အမျိုးအစား လေးမျိုးလောက် ပြသရောင်းချပေးပါတယ်။ အလှစိုက်တဲ့ ဘွန်စိုင်းအပင်ကြီးတွေအပြင် အလှစိုက် ကံ့ကော်ပင်ကြီးတွေ ပါပါတယ်။ သီးပင်စားပင်ထဲကဆိုရင် ယိုးဒယားအုန်းချိုမွှေးပါ။ ယိုးဒယားအုန်းချိုမွှေးက တစ်ပိုင်တစ်နိုင် အိမ်စားအနေနဲ့ကော စီးပွားဖြစ်အနေနဲ့ပါ စိုက်ပျိုးသင့်တဲ့ အပင်မျိုးဖြစ်ပြီး ရေတိုနဲ့ အကျိုးအမြတ်ရတဲ့ အပင်မျိုးဖြစ်ပါတယ်။ ပြပွဲ ကျန်တဲ့ရက်တွေမှာလည်း လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။ ဈေးနှုန်းကလည်း ချိုသာပါတယ်။

**ဒေါ်ကြွယ်ကြွယ်**
**Marketing Supervisor**
**Mandalay Smart Home Builders Co.,Ltd**

ကျွန်မတို့ ကုမ္ပဏီက Mobile Smart Home Builders ဖြစ်တဲ့အတွက် ငလျင်ဘေးဒဏ်ကြောင့် အိမ်ရာတွေ ဆုံးရှုံးသွားတဲ့ အများပြည်သူတွေအတွက် အိမ်ရာလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်ဖို့နဲ့ ပြည်သူတွေ အရည်အသွေးပြည့်မီသော Mobile အိမ်တွေကို ပိုမိုမြန်ဆန်စွာ ပိုင်ဆိုင်နိုင်စေဖို့ ဈေးနှုန်းသက်သာစွာနဲ့ ကိုယ်ပိုင်အိမ်တွေ ပိုင်ဆိုင်နိုင်အောင်လို့ ပြပွဲမှာ လာရောက်ပြီး ခင်းကျင်းပြသပေးနေတာဖြစ်ပါတယ်။ တန်ဖိုးအနေနဲ့ ၂၉၉ သိန်းကနေစပြီး သိန်း ၁၀၀၀ ကျော်အထိ ရှိပါတယ်။ စိတ်ဝင်စားတဲ့ ပြည်သူတွေ လာရောက်လေ့လာဝယ်ယူမယ်ဆိုရင် ကျွန်မတို့ ကုမ္ပဏီမှာ Modern ၁၀ မျိုးရှိပြီး Deposit ၅၀ ရာခိုင်နှုန်းသွင်းရင် အိမ်ကို တစ်လအတွင်း ရရှိမှာဖြစ်ပြီး ကျန်ရှိတဲ့ ၅၀ ရာခိုင်နှုန်းသွင်းနေတဲ့အချိန်မှာလည်း ဝန်ဆောင်မှု အပြည့်အဝဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီပြပွဲမှာ တော်တော်များများ လာရောက်ပြီး စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပါတယ်။ ပြည်သူတွေ တော်တော်များများက စိတ်ဝင်တစားနဲ့ လာရောက်လေ့လာကြည့်ရှုကြတဲ့အတွက် အင်မတန် ဝမ်းသာမိပါတယ်။

**ဦးမျိုးမြင့်ထွန်း**
**Executive Director**
**Good Brothers' Company Limited**

ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ လယ်ယာသုံးကဏ္ဍမှာ မြေပြုပြင်တာကစပြီး စိုက်ပျိုး၊ ရိတ်သိမ်းတဲ့အဆင့်အထိ ပြသထားပါတယ်။ ဒါ့အပြင် တောင်သူတွေ လိုအပ်နေတဲ့ သွင်အားစုတွေကိုပါ ထည့်သွင်းပြသထားပါတယ်။ MSME လုပ်ငန်းအတွက် စွမ်းအင်ကဏ္ဍမှာ အဓိကထားအသုံးပြုနိုင်ဖို့အတွက် ဆိုလာတွေကိုလည်း ပြသထားပါတယ်။ လက်ရှိ Good Brothers အနေနဲ့ တောင်သူတွေကို အကျိုးပြုနိုင်မယ့် အရာတွေကို ပြသထားတဲ့အတွက် တောင်သူတွေ တော်တော်များများ လာကြည့်ကြတယ်။ ဝယ်ယူသူတွေလည်း များပါတယ်။ ဒီပြပွဲမှာ ရောင်းချရတဲ့ ပစ္စည်းတွေ များပါတယ်။ ကျွန်တော်တို့ဆီက စက်ပစ္စည်းတွေ ဝယ်ယူမယ်ဆိုရင် လက်ငင်းစနစ်နဲ့ ရောင်းသလို တောင်သူတွေကို ဝယ်ယူနိုင်အောင်၊ အသုံးပြုနိုင်အောင် အရစ်ကျ စနစ်၊ ငှားရမ်းတဲ့စနစ်နဲ့ ဆောင်ရွက်ပေးနေတာလည်း ရှိပါတယ်။ ဝယ်ယူတဲ့နေရာမှာ ကျွန်တော်တို့ ကုမ္ပဏီက စက်တန်ဖိုးရဲ့ ၅၀ ရာခိုင်နှုန်းကို ကနဦးတင်သွားပြီး ကျန်တဲ့ငွေကိုတော့ ခြောက်လတစ်ဖြတ်နဲ့ တစ်နှစ်ခွဲကာလ ပေးသွင်းပြီး ရောင်းချတဲ့ ပစ္စည်းတွေရှိပါတယ်။ တချို့ပစ္စည်းတွေက နေ့စဉ် ဝင်ငွေရှာဖွေနေတဲ့ ပစ္စည်းတွေဖြစ်တဲ့အတွက် အပတ်စဉ်၊ လစဉ်စနစ်နဲ့ ရောင်းချပြီး ဝယ်ယူသုံးစွဲသူတွေ အဆင်ပြေပြေနဲ့ ပြန်လည်ပေးဆပ်နိုင်အောင်ပါ။ ဝင်ငွေကိုမိသားစုအတွက် တစ်ဖက်တစ်လမ်းက သုံးနိုင်ပြီး တောင်သူတွေအနေနဲ့ မိသားစုလည်း အဆင်ပြေ၊ စက်လည်း ပိုင်ဆိုင်သွားရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖန်တီးပြီး ဆောင်ရွက်ပေးထားခြင်း ဖြစ်ပါတယ်။

**ဦးကျော်စိုး**
**Deputy Managing Director**
**STEEL KING COMPANY LIMITED**

ကျွန်တော်တို့ STEEL KING COMPANY LIMITED အနေနဲ့ သံချည်သံကွေးနဲ့ Coupler စနစ်နဲ့ ပတ်သက်ပြီး ပြသနေတာဖြစ်ပါတယ်။ သံတွေကို ဆိုက်ထဲမှာ ထုတ်လုပ်မယ့်အစား စက်နဲ့ ဘယ်လိုထုတ်လုပ်မလဲဆိုတာကို ဒီပြခန်းမှာ ပြသပါတယ်။ သံတွေ ဆက်တဲ့နေရာမှာ Coupler စနစ်ကိုသုံးခြင်းအားဖြင့် ပိုပြီးခိုင်မာမှုရှိလာမယ်။ သံချောင်းတွေကို အရစ်ပုံစံ ဖော်ဖို့၊ သံနဲ့ ပတ်သက်ပြီး စမ်းသပ်စစ်ဆေးတဲ့ ပုံစံတွေ ဘယ်လိုရှိတယ်ဆိုတာတွေကိုပြသနေတာ ဖြစ်ပါတယ်။ ပြည်တွင်းမှာ နိုင်ငံတကာ အဆင့်မီ အရည်အသွေးပြည့်ဝတဲ့ ပစ္စည်းတွေကို ရောင်းချပေးနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ တံတားစီမံကိန်းတွေ၊ ဆောက်လုပ်ရေးအပိုင်းတွေ၊ ကိုယ်ပိုင်အိမ်ဆောက်လုပ်တာကအစ အထူးအစီအစဉ် အနေနဲ့ ပြပွဲကနေ ရောင်းချပေးနေပါတယ်။

ပြခန်းကို ပြည်သူတွေ စိတ်ဝင်တစား လာရောက်ကြည့်ရှုလေ့လာကြပါတယ်။ အခုလို ပွင့်လင်းရာသီကာလမှာ အထူးပရိုမိုးရှင်းတွေနဲ့ ရောင်းချနေတာဖြစ်တဲ့အတွက် ပြည်သူတွေ လာရောက်လေ့လာပြီး အော်ဒါပေးတာ ရှိပါတယ်။ ဖုန်းဆက်ပြီး ဝယ်ယူတာလည်း ရှိတယ်။ ဒီပြခန်းမှာ နည်းပညာအသစ်တွေနဲ့ ရေရှည်ခိုင်မာတဲ့ အဆောက်အအုံတွေဖြစ်အောင် ပြသထားတဲ့အတွက် လာရောက်လေ့လာကြဖို့ အားလုံးကို ဖိတ်ခေါ်ပါတယ်။

# ပြန်ကြားရေးဝန်ကြီးဌာနရှိ ပြည်သူ့စာကြည့်တိုက်များနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအောက်ရှိ စာကြည့်တိုက်များအတွက် စာအုပ်များပေးအပ်လှူဒါန်း



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာနရှိ ပြည်သူ့စာကြည့်တိုက်များနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအောက်ရှိ စာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး (စာရေးဆရာမောင်အောင်)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက စာအုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ၎င်းကိုယ်တိုင်ရေးသားပြုစုထားသော "ယောက္ခမတောင်မှ မပေးနိုင်တဲ့အတိုးနှုန်း အပါအဝင် စိုက်မွေးဆည်စာစုများ(၂)" စာအုပ် ၅၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့လှူဒါန်းသည့် စာအုပ်များကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်များသို့ အုပ်ရေ ၂၅၀ နှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းအောက်ရှိ စာကြည့်တိုက်များသို့ အုပ်ရေ ၂၅၀ တို့ကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သစ်တောဦးစီးဌာန FD-AFoCo IPDM စီမံကိန်းပြီးစီးအောင်မြင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး အတွင်း တည်ထောင်ထားရှိသော ကျွန်းစိုက်ခင်းများတွင် ကျရောက်တတ်သည့် ဖျက်ပိုးနှင့်ရောဂါများအား ဘက်ပေါင်းစုံကာကွယ်နှိမ်နင်းခြင်းနည်းလမ်းများဖြင့် စီမံအုပ်ချုပ်ခြင်းစီမံကိန်း၏ စီမံကိန်းပြီးစီးအောင်မြင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။




အလုပ်ရုံဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းသူ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ကိုရီးယားနိုင်ငံ AFoCO Secretariat မှ ဧည့်သည်တော်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် တည်ထောင်ထားရှိသည့် စိုက်ခင်းများအနက် ကျွန်းစိုက်ခင်းသည် အများဆုံးဖြစ်ပြီး ဖျက်ပိုးနှင့် ရောဂါပြဿနာများ ကြုံတွေ့လျက်ရှိကြောင်း၊ အပင်ရောဂါနှင့် ဖျက်ပိုးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် စီမံကိန်းကာလအတွင်း ကျွန်းစိုက်ခင်းများ၌ ကျရောက်တတ်သည့် ဖျက်ပိုးနှင့် ရောဂါဆိုင်ရာများကို သင်တန်း (၁၃)ကြိမ်တွင် သင်တန်းသား ၂၉၂ ဦးအား ပို့ချနိုင်ခဲ့ကြောင်း၊ သရုပ်ပြကွက်ငါးကွက်၊ ဖျက်ပိုးနှင့် ရောဂါဆိုင်ရာနည်းပညာလမ်းညွှန်ချက်စာအုပ် နှစ်အုပ်နှင့် သစ်တောစိုက်ခင်းများ အတွက် လိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များကို စနစ်တကျ စီမံအုပ်ချုပ်နိုင်မှုအတွက် လုပ်ငန်းသုံး ပရိုဂရမ် software တစ်ခု ရေးဆွဲနိုင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် မာရဝိဇယဘုရားဥယျာဉ်အတွင်း စိုက်ပျိုးထားသော ဂျပန်ချယ်ရီ၊ လင်းလွန်းနှင့် လုမ္ဗိနီ အင်းကြင်းပင်များကို ဖျက်ပိုးနှင့် ရောဂါကျရောက်မှု စစ်ဆေးခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကိုလည်း ကူညီဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် သစ်တောသုတေသနခွဲ ညွှန်ကြားရေးမှူး IPDM Project မှ Ms.Amy Aung (Pest Technician)၊ IPDM Project မှ Dr Maw Maw Than (Disease Technician)၊ သစ်တောသုတေသနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇာခြည်လှိုင်နှင့် စိုက်ခင်းလုပ်ငန်းဌာနခွဲ လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းတို့က သက်ဆိုင်ရာနယ်ပယ်အလိုက်တင်ပြပြီး အုပ်စုဖွဲ့ဆွေးနွေးခြင်း အစီအစဉ်ကို ဆက်လက် ဆောင်ရွက်ကာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နတ်မောက်မြို့၌ မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကျင်းပ

**နတ်မောက် ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ယနေ့နံနက်ပိုင်းက မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန နတ်မောက်မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

**ပျော်ရွှင်စွာပါဝင်ဆင်နွှဲ**

ဦးစွာ နတ်မောက်မူလတန်းကြိုကျောင်းမှ သားငယ် သမီးငယ်လေးများက ကာယစွမ်းရည်ပြိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့ပြီး ဉာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ပုံပြင်၊ ကဗျာနှင့် သီချင်းများကို တက်ရောက်လာကြသည့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ မိဘများအား တေးသရုပ်ဖော် ကပြဖျော်ဖြေ၍ ယှဉ်ပြိုင်ခဲ့ကြရာ တာဝန်ရှိဆရာမများက ဆုလက်ဆောင်များပေးအပ်ပြီး မုန့်ဟင်းခါးဖြင့် ကျွေးမွေးဧည့်ခံခဲ့သည်။ အဆိုပါပြိုင်ပွဲသို့ နတ်မောက်မူလတန်းကြိုကျောင်းမှ သားငယ် သမီးငယ် ၁၀၀ တို့ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

လှဝင်း



## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ် သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ဝ၁-၅၄၁၄၁၃၊ ဝ၁-၈၆၀၄၇၅၀၊ ဝ၁-၈၆၀၄၇၅၁၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ထွေ/အုပ်တို့မှ တာဝန်ရှိသူများက မြို့မဈေးကြီးအတွင်း လိုက်လံကွင်းဆင်းစစ်ဆေးစဉ်။ ကျော်သူရ(ကော့မှူး)



# ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွင်း အစားအစာဘေးကင်းလုံခြုံမှုနှင့် အစားအစာအလေအလွင့်လျှော့ချမှုစီမံခန့်ခွဲရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်း အစားအစာဘေးကင်းလုံခြုံမှုနှင့် အစားအစာအလေအလွင့်လျှော့ချမှုစီမံခန့်ခွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။



အလုပ်ရုံဆွေးနွေးပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်) မှ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များနှင့် ကိုယ်စားလှယ်များ၊ နေပြည်တော် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဟိုတယ်များမှ အထွေထွေမန်နေဂျာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွင်း အစားအစာဘေးကင်းလုံခြုံမှုနှင့် အစားအစာအလေအလွင့်လျှော့ချရေးဆိုင်ရာ အသိပညာများကို လက်တွေ့လုပ်ငန်းခွင်နှင့် ပေါင်းကူးချိတ်ဆက်ပေးနိုင်မည့် အခွင့်အလမ်းကောင်း တစ်ရပ်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားပြီး နောက်ပိုင်းတွင် ခရီးသွားဧည့်သည်များအနေဖြင့် ဘေးကင်းလုံခြုံမှုကို ဦးစားပေးရွေးချယ်လာခဲ့ပါကြောင်း၊ ဘေးကင်းလုံခြုံမှုဆိုသည့်နေရာတွင် အစားအစာ ဘေးကင်းလုံခြုံမှုသည် ခရီးသွားဧည့်သည်များ နေ့စဉ်ကြုံတွေ့နေရသည့် ကဏ္ဍတစ်ရပ်ဖြစ်ပြီး ခရီးစဉ်ဒေသ၏ ပုံရိပ်ကိုတည်ဆောက်ရာတွင် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သဖြင့် အစားအစာဘေးကင်းလုံခြုံမှုကို အထူးအလေးထားဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ထို့အတူ အစားအစာများအလေအလွင့်ဖြစ်ပေါ်မှုနှင့်စွန့်ပစ်ရမှုကိစ္စသည် ယနေ့ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်လာသည်ကို တွေ့ရှိမည်ဖြစ်ပါကြောင်း၊ အစားအစာလေလွင့်မှုကို စနစ်တကျထိန်းချုပ်နိုင်ပါက လုပ်ငန်း၏အမြတ်အစွန်းများ တိုးတက်လာမည်ဖြစ်သဖြင့် အစားအစာ အလေအလွင့်လျှော့ချမှုစီမံခန့်ခွဲရေးသည် စီးပွားရေးအကျိုးအမြတ်ကို မြှင့်တင်ပေးနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း တစ်ပြိုင်တည်း အထောက်အကူပြုနိုင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း။

ယနေ့အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအနေဖြင့် ဆွေးနွေးတင်ပြခဲ့ကြသည့် မှတ်သားလိုက်နာဖွယ်ရာများကို မိမိတို့သက်ဆိုင်ရာ လုပ်ငန်းခွင်များတွင် လိုက်နာကျင့်သုံးမှုဝေပေးကြရန် ပြောကြားလိုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဆွေးနွေးပွဲမှ ဖော်ထုတ်ရရှိသည့် ဆွေးနွေးချက်ရလဒ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အစားအစာစွန့်ပစ်ပစ္စည်းများကို လျှော့ချနိုင်ခြင်းဖြင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖြစ်ပေါ်လာစေရေးကို အားလုံးဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများက အစားအစာဘေးကင်းလုံခြုံမှုနှင့် အစားအစာအလေအလွင့်လျှော့ချမှုစီမံခန့်ခွဲရေးဆိုင်ရာများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ "Food Waste Management in the Tourism Sector" ခေါင်းစဉ်ဖြင့် ပြည်ပပညာသင်သွားရောက်ခဲ့သည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အရာထမ်းများက ပညာသင်အတွေ့အကြုံများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်း အစားအစာဘေးကင်းလုံခြုံမှုနှင့် အစားအစာအလေအလွင့် လျှော့ချမှုစီမံခန့်ခွဲရေးခေါင်းစဉ်ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဆွေးနွေးချက်ရလဒ်များအပေါ် သုံးသပ်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများ အသစ်ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်အတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်နေသည့် အပျိုဆောင်၊ အမှုထမ်းအိမ်ရာများ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် အသစ်ပြန်လည် တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် ဥဏ္ဏသိဒ္ဓိ ရပ်ကွက်အတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်နေသည့် အမှုထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ်(2-Bed) သံကူကွန်ကရစ် အဆောက်အအုံများ တည်ဆောက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် လူအင်အား၊ စက်ယန္တရား အင်အားတိုးမြှင့်ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့ရေး၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ လုပ်ငန်းခွင်အတွင်း အသုံးပြုရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ တာဝန်ရှိသူများအနေဖြင့် အနီးကပ်ကြီးကြပ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီရုံးဝင်းအတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တည်ဆောက်နေသည့် အမှုထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ် သံကူကွန်ကရစ် အဆောက်အအုံ တည်ဆောက်နေမှုနှင့် သံကူကွန်ကရစ် နှစ်ထပ် အဆောက်အအုံ အပျိုဆောင် တစ်လုံး တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ ငလျင်ဒဏ်အပြင် သဘာဝဘေးအန္တရာယ်များခံနိုင်ရည်ရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

## မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းများကို ဖေဖော်ဝါရီ ၁၀ ရက်က ဆောင်ရွက်သည်။

ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မြို့မဈေးနှင့် သပြေကုန်းဈေးတို့သို့ သွားရောက်ပြီး မီးဘေးကြိုတင်ကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ စစ်ဆေးအကြံပေးခြင်း၊ အရေးပေါ်မီးသတ်တယ်လီဖုန်းနံပါတ်များဖြန့်ဝေပေးခြင်းနှင့် လက်တွေ့သရုပ်ပြငြိမ်းသက်ရေးလေ့ကျင့်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်သူရဦး(ပြန်/ဆက်)**



# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့အား ချီးမြှင့်ပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသည့် ပုဂ္ဂိုလ်များအား အခမ်းအနားဖြင့် ချီးမြှင့်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော် လည်းကောင်း အခမ်းအနားသို့ တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ ခရီးလွန်နေသည့် ဘွဲ့ခံပုဂ္ဂိုလ်အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ဂုဏ်ထူးဆောင်ဘွဲ့ လက်ခံရယူမည့် ကာယကံရှင်ထံ ချီးမြှင့်အပ်နှင်းသည်။



ထိုသို့ ချီးမြှင့်အပ်နှင်းရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက သိပ္ပကျော်စွာဘွဲ့ရရှိသည့် မြန်မာနိုင်ငံ ငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်ကို ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်ကြပြီး ဘွဲ့ခံပုဂ္ဂိုလ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ထားဝယ်မြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားရင်ပြင်၌ ကျင်းပသည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုပြကွက်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာပစ္စည်းများနှင့်လုပ်ငန်းများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ၊ တူရိယာပစ္စည်းများနှင့် ဒေသထွက် MSME ပြခန်းများစသည့် ပြခန်း ၁၇ ခန်းအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းများကို ဖေဖော်ဝါရီ ၁၂ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၂ ရက် ညနေပိုင်းတွင် ဒေသခံပြည်သူများအား စင်တင်တေးဂီတများဖြင့် သီဆိုဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော်ရင်ပြင်၌ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ လုပ်ငန်း/စီးပွားချိတ်ဆက်ပြခန်း ဆက်လက်ပါဝင်ပြသ



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နေပြည်တော် ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ပြသလျက်ရှိသည့် လုပ်ငန်း/စီးပွား ချိတ်ဆက် (Business Matching) ပြခန်းတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို လုပ်ငန်းစတင် တည်ထောင်သည့် အချိန်မှစ၍ ပြည်တွင်းဈေးကွက်တွင် ရောင်းချခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်အထိ ချိတ်ဆက်နိုင်မည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ဝန်ဆောင်မှုပေးလျက်ရှိ**

ပြပွဲကာလအတွင်း MSME စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် သက်ဆိုင်ရာဌာနများဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်လက်မှတ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် FDA လက်မှတ်၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့် အခြားဦးစီးဌာနများ၌ တင်သွင်း/တင်ပို့မှုဆိုင်ရာ ထောက်ခံချက် ကိစ္စရပ်များကို ရှင်းလင်း ဆောင်ရွက်ပေးသည့် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ဒေသထုတ်ကုန်များကို ပြည်တွင်းရှိလက်လီ/လက်ကားဆိုင်များဖြစ်သည့် Makro၊ City Mart၊ One Stop Mart၊ Aeon စသည်တို့တွင် ကုန်ပစ္စည်းများ ပြသရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးသည့် ပြည်တွင်းဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် လုပ်ငန်းသစ်တစ်ခု စတင်တည်ထောင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့ရေး ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘဏ္ဍာငွေကြေးနှင့် ချေးငွေရရှိနိုင်ရေးတို့အတွက် ပြည်တွင်းရှိ ဘဏ်များဖြစ်သည့် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ AYA ဘဏ်၊ SME Development ဘဏ် စသည့် ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ပြည်ပဈေးကွက် ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် တာဝန်ပေးစေလွှတ်ထားသည့် စီးပွားရေးသံမှူး ၁၆ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ပြည်ပဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့တို့ဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိသည်။

ပြပွဲ စတုတ္ထမြောက်နေ့ရက်ဖြစ်သည့် ယနေ့တွင် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် ၇၃ ဦး၊ ပြည်တွင်းဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လက်လီ/လက်ကား၁၂ဆိုင်နှင့်တွေ့ဆုံသည့် လုပ်ငန်းရှင် ၅၆ ဦး၊ ရင်းနှီးမတည်ငွေချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ ဘဏ် ၁၃ ခုနှင့် တွေ့ဆုံသည့် လုပ်ငန်းရှင် ၃၉ ဦး၊ ပြည်ပဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ လုပ်ငန်းရှင် ၁၅ ဦးတို့နှင့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၈ ရက်မှ ၁၁ ရက်အထိ လုပ်ငန်း/စီးပွား ချိတ်ဆက် (Business Matching) ပြခန်းတွင် ဝန်ကြီးဌာနချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် စုစုပေါင်း ၃၁၃ ဦး၊ ပြည်တွင်းဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လက်လီ/လက်ကား စုစုပေါင်း ၁၂ ဆိုင်နှင့် တွေ့ဆုံသည့် လုပ်ငန်းရှင်စုစုပေါင်း ၂၂၁ ဦး၊ ရင်းနှီးမတည်ငွေချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ စုစုပေါင်း ဘဏ် ၁၄ ခုနှင့် တွေ့ဆုံသည့် လုပ်ငန်းရှင် စုစုပေါင်း ၁၆၇ ဦး၊ ပြည်ပဈေးကွက် ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ စုစုပေါင်း လုပ်ငန်းရှင် ၅၇ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# မိတ္ထီလာမြို့၌ မီးသတ်ဆေးဘူးဖြင့်မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ



**မိတ္ထီလာ ဖေဖော်ဝါရီ ၁၁**

မိတ္ထီလာမြို့၌ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံးရှိ အစည်းအဝေးခန်းမတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်၍ အဆိုပါရုံးရှိ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မိမိတို့၏ ဖုန်းများတွင် 191 Report Application Account ထည့်သွင်းအသုံးပြုရန် ဟောပြောခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းအား သရုပ်ပြသခြင်းနှင့် ဝန်ထမ်းလိုင်းခန်းရှိ မိသားစုဝင်များက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ရေး သရုပ်ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

■

# သုံးခွမြို့နယ်၌ ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးနှင့်ပတ်သက်၍ အတုအစစ်ခွဲခြားသိရှိနိုင်ရေး သင်တန်းဖွင့်လှစ်

**သုံးခွ ဖေဖော်ဝါရီ ၁၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ဦးစီးမှူးရုံး၌ ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးနှင့် ပတ်သက်၍ အတုအစစ် ခွဲခြားသိရှိနိုင်ရေး သင်တန်းကို ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်သည်။



အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ်ဦးစီးမှူး ဦးထွန်းဆွေက ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးခြင်း၊ ပုံနှိပ်မှုဆိုင်ရာ စစ်ဆေးခြင်း၊ နည်းပညာအကူအညီဖြင့် စစ်ဆေးခြင်း၊ သတင်းအချက်အလက်ဖြင့် စစ်ဆေးခြင်း၊ လုံခြုံမှုအဆင့်မြင့် စာရွက်စာတမ်း စစ်ဆေးခြင်း ခေါင်းစဉ်တို့ဖြင့် ဝန်ထမ်း ၁၅ ဦးအား သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# နိုင်ငံတော်မှာ MSME မူဝါဒ အမှန်တကယ် အောင်မြင်ကာ အားကောင်းအရှိန်ရနေပြီဆိုတာ ပြည်ထောင်စုအဆင့် MSME ပြပွဲကြီးက ခိုင်မာစွာ သက်သေပြနေတာပဲဖြစ်ပါတယ်

**(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။**

အဆိုပါ MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကိုယ်စားပြုပြခန်းတွင် စိုက်ပျိုး-မွေးမြူရေးကုန်ကြမ်း အခြေပြု Agro-based Industries များ၊ MSME များ အတွက် ခင်းကျင်းပြသထားရှိမှုများနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အနေနဲ့ နေပြည်တော်ရင်ပြင်မှာ ကျင်းပလျက်ရှိတဲ့ MSME ထုတ်ကုန်ပြပွဲနဲ့ ဈေးရောင်းပွဲတော်မှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်းမှာ ပြသထားတဲ့ ပြကွက်တွေနဲ့ပတ်သက်ပြီး သိပါရစေ။**

**ဖြေ။** ။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရဲ့ ပြခန်းအမှတ်(၇)မှာ "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့၊ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုတဲ့ အမျိုးသားရေးဆောင်ပုဒ်ကြီးတွေနဲ့အညီ စိုက်ပျိုး-မွေးမြူရေး ကုန်ကြမ်းအခြေပြု Agro-based Industries တွေ၊ MSME တွေမှာ ပြကွက်တွေကို ပြသထားပါတယ်။

ပြခန်းရှေ့မှာ တွေ့မြင်ရမှာက သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနရှိ ပြန်ပြည့်မြဲစွမ်းအင်နှင့် အီလက်ထရောနစ် နည်းပညာသုတေသနဗဟိုဌာနနဲ့ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်က ကျောင်းသူတွေ ပူးပေါင်းသုတေသနပြုတည်ဆောက်ထားတဲ့ မြို့ပြ၊ ကျေးလက်ဒေသမရွေး အသုံးပြုလို့ရတဲ့ Portable Solar Dryer ကို တွေ့မြင်နိုင်ပါတယ်။ အဆိုပါ Solar Dryer ရဲ့ ထူးခြားချက်ကတော့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကနေ ပြန်လည်ပြည့်ဖြိုးမြဲ စိုက်ပျိုးရေး တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းတွေ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တစ်တပ်တစ်အား အထောက်အကူပြုနိုင်တာပဲ ဖြစ်ပါတယ်။

စိုက်ပျိုးရေးထွက်ကုန်တွေဖြစ်တဲ့ ပြောင်း၊ ပဲ၊ ဆန်၊ သရက်သီး၊ လိမ္မော်သီး၊ ငှက်ပျောသီးတို့ကို အခြောက်ခံနိုင်သလို ငါးခြောက်လုပ်ငန်း၊ ကော်ဖီစေ့ အခြောက်ခံလုပ်ငန်းတွေမှာပါ အသုံးပြုနိုင်ပါတယ်။ မှန်လုံအိမ်အာနိသင်ကို အသုံးပြုထားပြီး အပေါ်အဖုံးမှ ဆိုလာစွမ်းအင်ကို ဝင်စေတာဖြစ်ပါတယ်။ ဒီ Solar Dryer ကို အသုံးပြုခြင်းအားဖြင့် ရရှိမယ့် အကျိုးကျေးဇူးတွေကတော့ ဖုန်မှုန့်၊ ပိုးမွှားများ ကင်းစင်စေခြင်း၊ ကျေးငှက်တွေနဲ့ ရတ်တရက်မိုးရွာသွန်းတဲ့အခါ ကြုံတွေ့နိုင်တဲ့အခက်အခဲတွေကို မရှိစေခြင်း၊ ပိုမိုသန့်ရှင်းကာ မှိုတက်ခြင်းမှ ကာကွယ်ပေးနိုင်ပြီး အရည်အသွေးပိုမိုကောင်းမွန်စေခြင်း၊ မြန်မြန်ဆန်ဆန်ခြောက်သွေ့စေခြင်း၊ ရေရှည်စဉ်ဆက်မပြတ်လျှပ်စစ်ဓာတ်အားခ ကုန်ကျစရိတ်မရှိခြင်းတို့ဖြစ်ပါတယ်။

သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနရဲ့ စံချိန်စံညွှန်းပြကွက်မှာ ၂၀၂၁ ခုနှစ် မတိုင်မီကာလက မြန်မာစံချိန်စံညွှန်း အရေအတွက် ၄၃၉ ခုသာ ရှိခဲ့ပေမယ့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်



ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ

ကစပြီး နိုင်ငံတော်အကြီးအကဲရဲ့ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ချက်တွေ၊ အားပေးမြှင့်တင်မှုတွေကြောင့် ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ သိသာစွာဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ လက်ရှိမှာ မြန်မာစံချိန်စံညွှန်းအရေအတွက် ၉၄၈ ခုအထိ ချမှတ်နိုင်ပြီဖြစ်လို့ မြန်မာစံချိန်စံညွှန်းအရေအတွက် ၅၀၉ ခုတိတိ နှစ်အနည်းငယ်အတွင်းမှာပဲ ယခင်ကာလတွေထက်တောင် ကျော်လွန်ချမှတ်နိုင်ခဲ့တာ တွေ့မြင်နိုင်ပါတယ်။ အထူးအားဖြင့် မကြာမီက နိုင်ငံတော်မှာ သမိုင်းဝင်အောင်မြင်စွာကျင်းပနိုင်ခဲ့တဲ့ အထွေထွေရွေးကောက်ပွဲမတိုင်မီမှာ အသုံးပြုမယ့် မြန်မာအီလက်ထရောနစ်မဲပေးစက်ကို MMS 63: 2025 မြန်မာစံချိန်စံညွှန်းချမှတ်မှုကို စံချိန်စံညွှန်းပြကွက်မှာ ထင်ရှားစွာပြသထားပါတယ်။ EV မြန်မာစံချိန်စံညွှန်း ၁၈ ခုနဲ့ချမှတ်ပြီး မြန်မာစံချိန်စံညွှန်းတွေကိုလည်း ပြသထားပါတယ်။

MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်အရည်အသွေး အခြေခံအဆောက်အအုံစနစ်က မဟာဗျူဟာမဏ္ဍိုင်တစ်ခုဖြစ်ကြောင်း မီးမောင်းထိုးပြသထားပြီး အဓိကလုပ်ငန်းစဉ် (၅) ရပ်ဖြစ်တဲ့ စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ တိကျစွာတိုင်းတာခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်း၊ အသိအမှတ်ပြုခြင်းတို့အပြင် နည်းပညာဝန်ဆောင်မှု၊ လွှဲပြောင်းမှုနဲ့ သုတေသနလုပ်ငန်းများဆိုင်ရာပြကွက်တွေကို ခင်းကျင်းပြသထားပါတယ်။

သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနရဲ့ ၂၀၂၁ ခုနှစ် မတိုင်မီကာလ၌ နည်းပညာလွှဲပြောင်းမှု ၃၁ ခုသာ ရှိခဲ့ပေမယ့် လက်ရှိကာလမှာ ၁၃၂ ခုအထိ ရှိလာတဲ့အတွက် နှစ်အနည်းငယ်အတွင်း နိုင်ငံတော်မှာ MSME မူဝါဒ အမှန်တကယ်အောင်မြင်တယ်ဆိုတာ နည်းပညာတောင်းခံမှုနဲ့ လွှဲပြောင်းမှုတွေ သိသိသာသာမြင့်တက်လာမှုတွေက အားကောင်းခိုင်မာစွာ သက်သေပြနေတာပဲဖြစ်ပါတယ်။ အလားတူ လာရောက်ဓာတ်ခွဲစမ်းသပ်တဲ့နမူနာပစ္စည်းနဲ့ အကြိမ်အရေအတွက်တွေ အံ့မခန်းမြင့်တက်လာတာကိုလည်း တွေ့ရပါတယ်။

ဇီဝနည်းပညာသုတေသနဦးစီးဌာနရဲ့ ဇီဝနည်းပညာထုတ်ကုန်ပြကွက်မှာ လက်ရှိထုတ်လုပ်ရောင်းချနေတဲ့ ဇီဝထုတ်ကုန်တွေကို ပြသထားမှုအပေါ် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အတိုင်း Mass Production ထုတ်လုပ်ဖို့ ဆက်စပ်ဌာနတွေ၊ ပြင်ပအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားဖို့လည်းရှိပါတယ်။ အဏုမြူစွမ်းအင်ဦးစီးဌာနက ပြကွက်မှာ နျူကလီးယားနည်းပညာဖြင့် ဂမ္မာဓာတ်ရောင်ခြည်ပေးပြီး MSME ထုတ်ကုန်တွေကို အရည်အသွေးနဲ့ တန်ဖိုးမြှင့်တင်ထုတ်လုပ်ပုံတွေကို အဓိကပြသထားပါတယ်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရဲ့ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)က ကျောင်းသား ကျောင်းသူတွေ သုတေသနပြုဆောင်ရွက်ထားတဲ့ ပရိဘောဂထုတ်ကုန်ပစ္စည်းတွေကိုလည်း ပြသထားရာ MSME လုပ်ငန်းရှင်တွေ နည်းပညာတောင်းခံလို့ ရပါတယ်။

"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုတဲ့ အမျိုးသားရေးဆောင်ပုဒ်ကြီးနဲ့အညီ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနဲ့ နည်းပညာမြှင့်တင်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး EV ပြကွက်မှာ EV သုတေသနနဲ့ EV သင်တန်းဆိုင်ရာ သတင်းအချက်အလက်တွေ၊ EV Workshop တည်ထောင်ဖို့ လိုအပ်တဲ့ပစ္စည်းတွေနဲ့ ကျွမ်းကျင်ပညာရှင်ဖွဲ့စည်းမှု၊ EV ပြုပြင်ထိန်းသိမ်းရေး လိုအပ်တဲ့ပစ္စည်းကိရိယာတွေ စတာတွေကို စုံလင်အောင် ပြသထားပါတယ်။ လက်ရှိကာလမှာ ပြည်သူတွေ EV သုံးစွဲမှုတွေ တစ်ရှိန်ထိုးမြင့်တက်လာနေပါတယ်။ ဒါကြောင့် နည်းပညာလိုအပ်ချက်တွေကို ဒီပွဲတော်ကြီးမှာ လက်တွေ့ကျကျ ဖြည့်ဆည်းပေးချင်လို့ အခုလိုပြသထားတာဖြစ်ပါတယ်။ EV သုံးစွဲတဲ့ ပြည်သူတွေနဲ့ EV လုပ်ငန်းရှင်တွေအနေနဲ့ နည်းပညာအခက်အခဲ ရှိရင်ပဲဖြစ်ဖြစ်၊ လက်ရှိသင်တန်းတွေအပြင် စိတ်ကြိုက်သင်တန်းပေးဖို့ လိုအပ်ရင်ပဲဖြစ်ဖြစ် လာရောက်တောင်းခံလို့ရပါတယ်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရဲ့ ပြခန်းမှာ လာရောက်လေ့လာကြည့်ရှုကြတဲ့ ပြည်သူတွေအတွက် One Stop Service ကောင်တာဖွင့်လှစ်ထားရှိပြီး ဝန်ဆောင်မှုပေးလျက်ရှိရာ ပြကွက်တစ်ခုစီမှာလည်း QR Code တွေ ထားရှိပေးကာ အချက်အလက်တွေရယူခြင်း၊ တောင်းခံခြင်းတွေ ဆောင်ရွက်နိုင်ပါတယ်။ Digital Corner မှာလည်း တက္ကသိုလ်နဲ့ ဌာန/စက်မှုလုပ်ငန်းတွေနဲ့ ချိတ်ဆက်မှုအတွက် သီးသန့်ထားရှိပေးထားပါတယ်။

**မေး။ ။ နည်းပညာတောင်းခံဆွေးနွေးမှု အရေအတွက်ကိုလည်း သိရှိပါရစေ။**

**ဖြေ။** ။ ပြပွဲစတင်တဲ့နေ့မွန်းလွဲပိုင်းအထိ နည်းပညာတောင်းခံဆွေးနွေးမှုများမှာ - Solar Dryer ၃၈ ဦး၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှာ ငှက်သိုက်တာရှည်ခံနည်းပညာ၊ မှိုကြာရှည်ခံနည်းပညာ၊ ကမ်းဇော်ဆီနည်းပညာ၊ အနံ့ပျောက်သန့်စင်ဆေးရည်နည်းပညာ၊ ချင်းနက်ဒဏ်ကြေလိမ်းဆေးနည်းပညာ၊ အစားအသောက်ဆိုင်ရာနည်းပညာများအပါအဝင် ၁၂ ခု၊ ဇီဝနည်းပညာသုတေသနဦးစီးဌာနမှာ ဇီဝထုတ်ကုန်ဆိုင်ရာနည်းပညာ ငါးခု၊ အဏုမြူစွမ်းအင်ဦးစီးဌာနတွင် ၂၂ ဦး၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတွင် EV ဆိုင်ရာ နည်းပညာ/ သင်တန်းတောင်းခံသူ ၁၈ ဦး၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင် EV ဆိုင်ရာ နည်းပညာ/ သင်တန်းတောင်းခံသူ ၁၆ ဦး၊ Digital Corner မှာ ခုနစ်ဦး စုစုပေါင်း ၁၁၈ ဦးရှိနေပါတယ်။ မနှစ်ကလည်း ဒီလိုပဲ တောင်းခံလို့ တချို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး တချို့ကိုလည်း ဆောင်ရွက်ဆဲ ဆက်လုပ်နေပါတယ်။

**မေး။ ။ ပြည်သူတွေကို ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း ပြောကြားပေးပါ။**

**ဖြေ။** ။ နိုင်ငံတော်ရဲ့ အမျိုးသားရေးရည်မှန်းချက်တွေ အောင်မြင်ပြည့်မီအောင် MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နိုင်ငံတော်ရဲ့ပေါ်ကြွယ်ဝတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်တွေ၊ စိုက်ပျိုးမွေးမြူရေးအရင်းအမြစ်တွေကို တန်ဖိုးထားကာ အကျိုးရှိထိရောက်စွာအသုံးချပြီး ပြည်တွင်းပညာရှင်တွေရဲ့အင်အား အထူးအားဖြင့် သုတေသနဌာနတွေမှာရှိတဲ့ သုတေသီတွေ၊ တက္ကသိုလ်နဲ့ ကျောင်းအသီးသီးမှာရှိတဲ့ ပညာရှင်တွေနဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ သုတေသနစွမ်းရည်အင်အားတွေ အားလုံးဟန်ချက်ညီညီပေါင်းစပ်ပြီး ဆောင်ရွက်လို့ရတယ်ဆိုတာကို ပြခန်းမှာ လက်တွေ့ကျကျပြသထားတာပဲဖြစ်ပါတယ်။ အခုနှစ်မှာ ပြည်တွင်းထုတ်ကုန်ပစ္စည်းတွေ တိုးတက်လာသလို ပြည်တွင်းထုတ်ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေ၊ ပြည်တွင်းဒစ်ဂျစ်တယ်နည်းပညာအသုံးချမှုတွေ တိုးတက်လာတာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ MSME မူဝါဒက အောင်မြင်ပြီး ခိုင်မာအားကောင်းကာ အရှိန်ရနေပြီလို့ပဲ ပြောကြားနိုင်ပါတယ်။

MSME လုပ်ငန်းတွေကို မိရိုးဖလာထုတ်လုပ်နေမှုမှသည် နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နေရာယူနိုင်ဖို့ ဒစ်ဂျစ်တယ်နည်းပညာအပါအဝင် ထွန်းသစ်စနည်းပညာအသုံးချနိုင်မှု၊ စံချိန်စံညွှန်းတွေနဲ့ကိုက်ညီပြီး အရည်အသွေးပြည့်မီသောထုတ်ကုန်များ ထုတ်လုပ်နိုင်မှု၊ အရည်အချင်းရှိသောလုပ်သားတွေ ကျွမ်းကျင်ပညာရှင်တွေနဲ့ လုပ်ငန်းလည်ပတ်နိုင်မှု၊ လုပ်ငန်းတွေ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ဖို့ကလည်း လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ဒေသထွက် စိုက်ပျိုးမွေးမြူရေး ကုန်ကြမ်းအခြေပြုထုတ်ကုန်အမယ်သစ်များ၊ စွန့်ဦးတီထွင်လုပ်ငန်းသစ်တွေ၊ Digital Startups တွေ၊ EV လုပ်ငန်းသစ်တွေနဲ့ သင်တန်းတွေ၊ Solar Dryer နည်းပညာ စတဲ့နည်းပညာနဲ့ အကြံဉာဏ်တွေ တောင်းခံနိုင်အောင်၊ နည်းပညာဆိုင်ရာအသိပညာဗဟုသုတတွေရရှိအောင် လာရောက်လေ့လာကြဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပါတယ်။

**အေးမင်း**

**ဓာတ်ပုံ-ထိန်နန်နေဝ်**



# သာယာဝတီမြို့၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**သာယာဝတီ ဖေဖော်ဝါရီ ၁၁**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ဈေးရပ်ကွက် ရတနာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေး၊ အဖွဲ့ဝင်(၂) ဦးမြင့်သူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထင်အောင်ဦးတို့က လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ရတနာလမ်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ခွင့်ပြုငွေကျပ် ၅၂ ဒသမ ၈၈၂ သန်းဖြင့် အရှည်ပေ ၅၈၀၊ အကျယ် ၁၆ ပေနှင့် ဒု လေးလက်မရှိ ကွန်ကရစ်လမ်းဖြစ်ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင်အမျိုးသား ၁၆ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင် လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသူများအား ဥပဒေ ဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဖိတ်ခေါ်လျက် ပြန်လည်ဝင်ရောက်လာကြသူများ ကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှု များ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အဖွဲ့မှ အမျိုးသား ၁၆ ဦးတို့ သည် လက်နက်၊ ခဲယမ်းများနှင့် အတူ ယနေ့တွင် ဥပဒေဘောင် အတွင်းသို့ဝင်ရောက်လာကြသည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ကို လက်ခံယုံကြည်၍ ဥပဒေ ဘောင်အတွင်းသို့ ဝင်ရောက်လာ ကြသည့် PDF အဖွဲ့ဝင်များသည် အတင်းအဓမ္မ အကျပ်ကိုင် စုဆောင်းခံကြရခြင်း၊ အကြမ်း ဖက်အဖွဲ့များ၏ အကျိုးစီးပွား အတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေး ပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတား များကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက် လုပ်ရပ်များကို လက်မခံနိုင်တော့ ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်း ခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန် ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်း ဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင် တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်း လာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည် လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ် ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူ လူထုအတွက် ပြန်လည်အကျိုးပြု လိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင်ရောက် ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန် မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ အင်္ဂပူမြို့ နယ်၊ ရေကြည်မြို့နယ်နှင့် ပုသိမ် မြို့နယ်တို့မှ အမျိုးသား ၁၆ ဦးတို့ အား တာဝန်ရှိသူများက ကြိုဆို လက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အနောက် တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီ ခန်းမ၌ပြုလုပ်ရာ ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေ ဘောင်အတွင်းသို့ဝင်ရောက်လာကြ သူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်း သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့် တိုင်းမှူးတို့က နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရား ဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်း ဆွေးနွေးပြောကြား သည်။ ယင်းနောက် ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြ သူများမှ ၎င်းတို့နှင့်အတူ ပါရှိလာ သည့် မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ လက်ပစ်ဗုံး လေးလုံးတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများအား မောင်းပြန် ရိုင်ဖယ်တစ်လက်လျှင် ဆုကြေး ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် နှစ်လက်အတွက် ငွေကျပ်သိန်း ၁၀၀၊ လက်ပစ်ဗုံး တစ်လုံးလျှင် ဆုကြေးငွေကျပ် သုံးသိန်းနှုန်းဖြင့် လေးလုံးအတွက် ငွေကျပ် ၁၂ သိန်း နှင့် အလင်းဝင်ရောက်လာသူ အားလုံးအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ၁၆ ဦး အတွက် ဆုကြေးငွေကျပ် ၄၈ သိန်း စုစုပေါင်းငွေကျပ် သိန်း ၁၆၀ ကို ပြန်လည် ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများကိုယ်စား ဥပဒေ ဘောင်အတွင်း ဝင်ရောက်လာသူ များ၏ မိသားစုဝင်များကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူး တင်စကား ပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကြ သည်။ ယင်းနောက် ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လာ ကြသူများအား ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး မိဘ အုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်း အပ်နှံပေးအပ် ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိ သူများက တက်ရောက်လာကြသူ များအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေ ဖြင့် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူ များအား ကြိုဆိုလက်ခံ၍ လိုအပ် သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးကာ မိဘအုပ်ထိန်းသူများထံ သို့ စနစ်တကျပြန်လည်လွှဲအပ်ပေး လျက်ရှိရာ ဥပဒေဘောင်အတွင်း သို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိ သူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်း များနှင့် ရဲစခန်းများသို့ အမြန် ဆက်သွယ် သတင်းပေးပို့လာပါ က ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ် သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"မနက်ခင်းကျတော့ ဆန်ပြုတ် တိုက်တယ်။ နေ့လယ်စာကျတော့ ငါးနီတူတွေ ပုပ်ပွနေတဲ့ဟာတွေ ကို သူတို့တောင်မစားဘူး။ သူတို့ ကျတော့ ကောင်းတာစားပြီး ကျွန်တော်တို့ကျ မကောင်းတဲ့ အဲဒီ ဟာကို ကျွေးတယ်။ လမ်းဘေးက ငှက်ပျောအူတောင်မှ ဖွဲ့စားပိုင်ခွင့် မရှိဘူး။ ဘယ်ဟာမှ စားပိုင်ခွင့်မရှိ ဘူး။ သူတို့ကျွေးတာပဲစား၊ သူတို့ ခိုင်းတာပဲလုပ်၊ အဲဒီအတိုင်းပဲ ကျွန်တော်တို့ကို ထားတယ်။ ရှေ့တန်း စစ်မြေပြင်ရောက်ပြန် တော့လည်း သူတို့ကစီနီယာသမား တွေဆိုပြီး ရှေ့ဦးဆောင်ပြီး တိုက်မလားဆိုပြီး ကျွန်တော်တို့ က တွေးတယ်။ ကျွန်တော်တို့က အတွေ့အကြုံမရှိဘူးလေ။ အတွေ့ အကြုံမရှိတော့ ရှေ့ကစီနီယာ သမားတွေကိုပဲ ကြည့်လုပ်ရမှာ ပေါ့။ ကျွန်တော်တို့ကို ရှေ့ကတင် တယ်။ ရှေ့ကျဘာမှမသိဘူး။ ဘယ်ကစပြီး ဘာလုပ်ရမလဲ ကိုယ်မှနားမလည်တာ နားမလည် တော့ သူတို့ကို အကူအညီတောင်း တယ်။ ကျွန်တော်တို့ဘာလုပ်ရ မလဲဆိုတော့ မင်းတို့သင်တန်းက သင်ပေးထားတယ် မဟုတ်ဘူး လာပြောတယ်။ သူတို့က နောက်က နေပြီးတော့ အိုဗာဟတ်ထဲတို့၊ ကတုတ်ကျင်းထဲတို့မှာ သူတို့ နေတယ်။ ဟိုကတက်လာပြီဆိုရင် သူတို့ပြေးပြီ။ စည်းကမ်းတွေ ဘာတွေ သူတို့ကချတယ်။ ချမှတ် ပြီး သူတို့ကိုယ်တိုင်ကျ စည်းကမ်း ဖောက်တယ်။ သူတို့ကိုယ်တိုင် စည်းကမ်းဖောက်ပြီး ကျွန်တော် တို့ နည်းနည်းလေးမှားပြီ ရဲဘော် တွေမှားပြီဆိုရင် ပြစ်မှုပြစ်ဒဏ်နဲ့ လာတယ်။ ရှေ့တန်းစစ်မြေပြင်မှာ ဆိုရင် မိုင်းရှင်းတွေ ဘာတွေ သွားရင်သူတို့က နောက်တို့ နောက်ဆုံးက လိုက်တယ်။ ကျွန်တော်လည်း နီးစပ်ရာရဲစခန်း မှာပဲနေမယ်ဆိုပြီးတော့ ကျွန်တော် သတင်းပို့ အလင်းဝင်လိုက်ပါ တယ်။ မင်းတို့အလင်းဝင်တဲ့သူ တွေကို အခမ်းအနားနဲ့ပေးပြီး တော့ မိဘလက်ထဲပြန်အပ်မှာတဲ့ ငွေကြေးလည်း ဆုချတယ်တဲ့ ကျွန်တော် အလွန်ဝမ်းသာသွားပါ တယ်။ ကျွန်တော့်မိဘထံ ပြန်အပ် မယ်ဆိုတော့ ကျွန်တော် အလွန် ဝမ်းသာသွားပါတယ်။"

"ကျွန်တော်တို့ ခရီးသွားရင်းနဲ့ အကြမ်းဖက် AA နဲ့ PDF ပူးပေါင်း တပ်တွေရဲ့ ဖမ်းဆီးခြင်းကို ခံခဲ့ရပါ တယ်။ ကျွန်တော်တို့ကို ခေါ်ဆောင် သွားပါတယ်။ ခေါ်ဆောင်သွားပြီး တော့ သူတို့အဖွဲ့အစည်းထဲကိုဝင်ဖို့ ကျွန်တော်တို့ကို အတင်းအဓမ္မ စုဆောင်းပါတယ်။ ကျွန်တော်တို့ မိသားစုတွေကိုလည်း ထောက်ပံ့ ပေးမယ်လို့လည်း ပြောပါတယ်။ ကျွန်တော်တို့ကို စတင်စုဆောင်း တုန်းက ကျွန်တော်တို့ကို ကောင်းကောင်းမွန်မွန်ကျွေးမယ်။ ကောင်းကောင်းမွန်မွန် ထားပါ မယ်ဆိုပြီးတော့၊ စုဆောင်းခဲ့ပြီး တော့၊ ဟိုရောက်တော့ ကျွန်တော် တို့ကို ဆက်ဆံပုံတွေက တစ်မျိုး ဖြစ်တယ်။ ကျွေးမွေးတာတွေကစ အပြောတစ်မျိုး အလုပ်တစ်မျိုး ကျွန်တော်တို့ အဆင်မပြေခဲ့ပါ ဘူး။ ကျွန်တော်တို့ အပတ်စဉ် မှာကတော့ ထွက်ပြေးတဲ့ သူတွေရှိ တယ်။ ပြန်မိတဲ့သူတွေလည်းရှိ တယ်။ တကယ်လို့ မိခဲ့တဲ့သူတွေ ဆိုလို့ရှိရင်၊ PDF က မိတယ်ဆိုလို့ရှိ ရင် ထောင်ချပါတယ်။ AA က မိတယ်ဆိုရင်တော့ သတ်ပစ်ပါ တယ်။ သင်တန်းမှာတော့ ကျွန်တော်တို့ကို ခဏခဏပြော တယ်။ ညီအစ်ကိုတွေ ရဲဘော် ရဲဘက်စိတ်ထားပါ။ တကယ်တမ်း ရှေ့တန်းစစ်မြေပြင်မှာ ဆိုလို့ရှိရင် ကျွန်တော်တို့ကို သူတို့က လုံးဝကို ရဲဘော်ရဲဘက်စိတ် မရှိပါဘူး။ ကျွန်တော်တို့ တိုက်ပွဲတွေတော့ နေစဉ်နဲ့အမျှဖြစ်ပါတယ်။ ဖြစ်နေ ရတဲ့အချိန်မှာ နေစဉ်နဲ့အမျှ တပ်မတော်ဘက်က ကျွန်တော်တို့ ကို DROP ဗုံးတွေနဲ့ တိုက်ခိုက် တယ်။ နောက်ပြီးတော့ မြေပြင် စစ်အင်အားတွေနဲ့ ထိုးလာတယ်။ အဲဒီဒဏ်တွေ နေ့စဉ်နဲ့အမျှ ရှိပါ တယ်။ နေ့စဉ်နဲ့အမျှရှိနေတဲ့ အတွက်လည်း ကျွန်တော်တို့က ပြေးဖို့ပဲ ကြံစည်ခဲ့ပါတယ်။ ပြေးဖို့ ကြံစည်ခဲ့ပြီးတော့ ကျွန်တော်တို့ တပ်မတော်ဘက်ကို ပြေးလာ တယ်။ ပြေးလာတဲ့ အချိန်မှာ ကျွန်တော်တို့ကို ဒီဘက်ကနေပြီး တော့ ပျူပျူငှာငှာနဲ့ ကြိုဆိုပါ တယ်။ ကျွန်တော်တို့ကို မေးမြန်း တာတွေ မဖြေရင် သတ်ပစ်မယ်တို့ ဘာတို့ အဲလိုမျိုးတွေ ကျွန်တော်တို့ ထင်ခဲ့တာပါ။ တပ်မတော်နဲ့ ဌာန ဆိုင်ရာ အဖွဲ့အစည်းတွေက ကျွန်တော်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုတဲ့အတွက် ဝမ်းလည်း ဝမ်းသာပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ကို ထောက်ပံ့ဆု ကြေးငွေတွေလည်း ချီးမြှင့်ခဲ့ပါ တယ်။ အဲ့အတွက်ကြောင့်လည်း ဝမ်းသာပါတယ်။" **သတင်းစဉ်**





## မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြ



**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြဇာတ်တိုက် လေ့ကျင့်မှုအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)ဖောင်ကြီး ရတနာသိင်္ခခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) ဒေါ်မူမူမြင့်က အမှာစကားပြောကြားကာ လှည်းကူးခရိုင် မီးသတ်ဦးစီး မှူး ဦးမြင့်ဦးက မီးဘေးလုံခြုံရေး အသိပညာပေးဆွေးနွေးပြီး မြို့နယ် မီးသတ်ဦးစီးမှူး ဦးယုလွင်က မီးငြိမ်းသတ်ရေးနည်းစနစ်များ၊ ဂက်စ် မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးအသုံးပြုနည်း၊ နောက်ဆုံးပေါ် နည်းပညာသုံး ပိုလန်နိုင်ငံထုတ် LUF NANO မီးသတ်စွမ်းအား သရုပ်ပြ ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်**

# ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရဇာတ်ကားများဖြင့် ပြန်လည်ပြသဆင်နွှဲမည့် တစ်နှစ်တစ်ခါ ကြိုတောင့်ကြိုခဲ ၂၀၂၆ ခုနှစ် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်

မြန်မာ့ရုပ်ရှင်လောကရဲ့ အမြင့်ဆုံးဂုဏ်ဒြပ်ဖြစ်တဲ့ ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ပေးပွဲကြီးကို ဖေဖော်ဝါရီလ ၇ ရက်နေ့က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါတယ်။ အကယ်ဒမီရွှေစင်ရုပ်တုဆုကြီးတွေကို ဘယ်ဇာတ်ကားတွေ၊ ဘယ်အနုပညာရှင်တွေက ဆွတ်ခူးသွားကြတယ်ဆိုတဲ့ ရင်ခုန်သံတွေ မပျောက်သေးခင်မှာပဲ ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် ဝမ်းသာစရာသတင်းကောင်းတစ်ခု ထပ်မံရောက်ရှိလို့ လာခဲ့ပါပြီ။

အဲဒါကတော့ မတ်လ ၈ ရက်နေ့မှာ ကျရောက်မယ့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကယ်ဒမီဆုရ ဇာတ်ကားကောင်းတွေကို တစ်နေရာတည်းမှာ စုစည်းကြည့်ရှုနိုင်မယ့် "၂၀၂၆ ခုနှစ် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်" ကြီးကို ရန်ကုန်မြို့ရဲ့ အဆင့်မြင့်ရုပ်ရှင်ရုံကြီးဖြစ်တဲ့ Star Cinema မှာ ပြန်လည်ကျင်းပတော့မယ့် သတင်းပဲဖြစ်ပါတယ်။

စာဖတ်သူတို့ မှတ်မိကြဦးမယ်ထင်ပါတယ်။ ယမန်နှစ်ကလည်း ၂၀၂၄ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုရဇာတ်ကားတွေကိုစုစည်းပြီး အလားတူ ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်ကို Star Cinema မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ဖူးပါတယ်။ အဲဒီတုန်းက ၂၀၂၄ ခုနှစ်အတွက် အကယ်ဒမီဆု ၁၆ ဆုတိတိ ချီးမြှင့်ခဲ့ရာမှာ ရုပ်ရှင်ဇာတ်ကား ခြောက်ကားက ဆွတ်ခူးရရှိခဲ့တာပါ။ အဲဒီဇာတ်ကား ခြောက်ကားကို ၂၀၂၅ ခုနှစ် မတ်လအတွင်းမှာ ရက်သတ္တပတ် သုံးပတ်ကြာအောင် ပွဲတော်အသွင်နဲ့ ပြသပေးခဲ့ပါတယ်။ အဲဒီအချိန်က ဆုရဇာတ်ကား အရေအတွက်ပေါ်မူတည်ပြီး ဇာတ်ကားတစ်ကားကို သုံးရက်နှုန်းနဲ့ အားရပါးရ ပြသပေးနိုင်ခဲ့ပါတယ်။

ဒီနှစ် ၂၀၂၆ ခုနှစ် အစီအစဉ်မှာတော့ ၂၀၂၅ ခုနှစ်အတွင်း ရုံတင်ပြသခဲ့တဲ့ ဇာတ်ကားပေါင်း ၇၂ ကားထဲကမှ ထူးချွန်ဆုတွေ ဆွတ်ခူးရရှိထားတဲ့ ထိပ်တန်းဇာတ်ကား ရှစ်ကားတိတိကို ရွေးချယ်ပြသသွားမှာဖြစ်ပါတယ်။

ဒီနှစ်ရဲ့ ပူပူနွေးနွေးအကယ်ဒမီဆုရတဲ့ ဇာတ်ကားတွေကို "၂၀၂၆ ခုနှစ် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်" အဖြစ် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကနေ စတင်ပြီး ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ဆက်တိုက်ပြသသွားမှာပါ။ နေရာကတော့ ရန်ကုန်မြို့ မိုးကောင်းလမ်းမကြီးပေါ်မှာရှိတဲ့ မြဝတီမီဒီယာစင်တာ (Myawaddy Media Center) က စတားရုပ်ရှင်ရုံ (Star Cinema) မှာဖြစ်ပါတယ်။ နေ့စဉ် ရုပ်ရှင်ပြသချိန်တွေကိုတော့ နံနက် ၁၀ နာရီပွဲနဲ့ ညနေ ၆ နာရီပွဲဆိုပြီး တစ်ရက်ကို နှစ်ပွဲနှုန်း သတ်မှတ်ထားပါတယ်။




ယခင်နှစ်ပွဲတော်ကာလအတွေ့အကြုံတွေအရ ပြန်လည်ကြည့်ရှုလိုကြတဲ့ ရုပ်ရှင်ချစ်ပရိသတ်တွေ၊ မကြည့်လိုက်ရတဲ့ ရုပ်ရှင်ကြည့်ပရိသတ်တွေရဲ့ စိတ်ဝင်စားမှု မြင့်မားခဲ့တာကို တွေ့ရှိရပါတယ်။ ယခုနှစ် အစီအစဉ်တွင်မူ ပြသရက်မှာ ဇာတ်ကားတစ်ကားကို နှစ်ရက်နှုန်းသာရှိတဲ့အတွက် ရုပ်ရှင်ချစ်ပရိသတ်တို့အနေနဲ့ မိမိတို့ကြည့်ရှုလိုတဲ့ ဇာတ်ကားတွေအတွက် အချိန်နဲ့ရက်စွဲကို ကြိုတင်စိစစ် ပြင်ဆင်ထားသင့်ပါတယ်လို့လည်း အကြံပြုလိုပါတယ်။

ဖေဖော်ဝါရီလ ၇ ရက်နေ့က ကျင်းပခဲ့တဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့တာ ပရိသတ်တွေ၊ ရုပ်မြင်သံကြားလိုင်းတွေနဲ့ အွန်လိုင်းတွေကနေ ကြည့်ရှုရသူတွေအသိပါပဲ။ ဗိုလ်ချုပ်မှူးကြီးက အဲဒီပွဲမှာ အနုပညာလောကသားတွေအတွက် အားတက်စရာ မိန့်ခွန်းစကားပြောကြားခဲ့ပါတယ်။

**"နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် အားပေးကူညီမှုများကို လုပ်ဆောင်ပေးခဲ့ပြီး ဆက်လက်၍လည်း ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း"** အတိအလင်း ပြောကြားခဲ့သလို ရုပ်ရှင်အနုပညာရှင်တွေကိုလည်း **"ပြည်သူများကို ဖျော်ဖြေရေးသက်သက်သာမက နိုင်ငံ၏ယဉ်ကျေးမှုနှင့် ချစ်စဖွယ်မြန်မာ့ဓလေ့ မြန်မာ့စရိုက်၊ မြန်မာ့ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှအပများကို ဖော်ညွှန်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုရိုက်ကူးတင်ဆက်ပေးရန်"** တိုက်တွန်းခဲ့ပါတယ်။ ဒါ့အပြင် **"အမျိုးသားရေးနှင့်ယှဉ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ထွန်းကားရေး၊ ပြည်သူများ အသိပညာတိုးတက်ရေး၊ နိုင်ငံတော်၏ဦးတည်ချက်များ အောင်မြင်စေရေးတို့အတွက် ရိုက်ကူးတင်ဆက်ပေးကြရန်"** လည်း ထပ်လောင်းမှာကြားခဲ့ပါတယ်။

> **မိမိတို့ ချစ်ခင်အားပေးရတဲ့ အနုပညာရှင်တွေရဲ့ အောင်မြင်မှုကို အတူတကွ ဂုဏ်ပြုဖို့အတွက် လာမယ့် မတ်လ ၈ ရက်နေ့မှာ ကျရောက်မယ့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကယ်ဒမီဆုရ ဇာတ်ကားကောင်းတွေကို သတ်မှတ်ရုံဝင်ကြေးနဲ့ တစ်နေရာတည်းမှာ စုစည်းကြည့်ရှုနိုင်ကြမယ့် ရန်ကုန်မြို့ မိုးကောင်းလမ်းမကြီးပေါ်ရှိ Star Cinema ကိုအရောက်လှမ်း**

## မိုးကောင်းလုလင်

မကြာမီကျင်းပမယ့် ဒုတိယအကြိမ် အကယ်ဒမီ ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်မှာ ဘယ်ဇာတ်ကားကောင်းတွေကို ဘယ်ရက်တွေမှာ ကြည့်ရမလဲဆိုတာ အသေးစိတ်ပြောပြပါဦးမယ်။

**ဖေဖော်ဝါရီ (၁၃၊ ၁၄) – "နှင်းပွင့်စေရာ"**

မေခရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်တဲ့ နှင်းပွင့်စေရာဇာတ်ကားရဲ့ ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆုရှင် "သားကျော်" ရဲ့ ရှုခင်းအလှအပနဲ့ ကင်မရာအယူအဆ လက်ရာတွေကို ခံစားရမှာပါ။

**ဖေဖော်ဝါရီ (၁၅၊ ၁၆) – "မြေစာ"**

ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ "မြေစာ" ဇာတ်ကားထဲက ပရိသတ်အချစ်တော် "မြင့်မြတ်" ရဲ့ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုနှင့် ထိုက်တန်လှတဲ့ ပီပြင်လွန်းတဲ့ သရုပ်ဆောင်ချက်တွေကို တွေ့မြင်ခံစားကြရပါမယ်။

**ဖေဖော်ဝါရီ (၁၇၊ ၁၈) – "မြောသံ"**

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ "မြောသံ" ဇာတ်ကားဖန်တီးရှင်ဖြစ်တဲ့ ဒါရိုက်တာထူးချွန်ဆုရှင် "ဩရသ" ရဲ့ ကျွမ်းကျင်ပိုင်နိုင်တဲ့ ရုပ်ရှင်ရိုက်ကူးမှုအနုပညာကို လွမ်းမောခံစားကြရပါမယ်။

**ဖေဖော်ဝါရီ (၁၉၊ ၂၀) – "မြို့ပြထဲကလမ်းမ"**

Hunk ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ "မြို့ပြထဲကလမ်းမ" ဇာတ်ကားက ရုပ်ရှင်တည်းဖြတ်ဆုရှင် "ခွန် (Khun)" ရဲ့ ရုပ်ရှင်တည်းဖြတ်မှုစွမ်းရည်က ဇာတ်ကားကို ဘယ်လိုအချိတ်အဆက်မိမိ ရင်ထဲကိုအရောက် ခေါ်ဆောင်သွားနိုင်သလဲဆိုတာကို ကြည့်ရှုခံစားနိုင်ကြပါမယ်။

**ဖေဖော်ဝါရီ (၂၁၊ ၂၂) –**
**"မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ်"**

မင်းမဟာရုပ်ရှင်ထုတ်လုပ်ရေးရဲ့ "မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ်" ဇာတ်ကားရဲ့ ဝါရင့်သရုပ်ဆောင် "နေမျိုးအောင်" ရဲ့ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရ သရုပ်ဆောင်ချက်တွေဟာ ဘယ်လောက်အထိပြောင်မြောက်သလဲဆိုတာကို မြင်တွေ့ကြည့်ရှုနိုင်ကြပါမယ်။ အဲဒီအပြင် အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုရှင် ဟန်ထူးဇင်ရဲ့ အနုပညာဖန်တီးမှုတွေကိုလည်း ခံစားကြရပါမယ်။

**ဖေဖော်ဝါရီ (၂၃၊ ၂၄) – "မောင့်မိဖုရား"**

အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးရဲ့ "မောင့်မိဖုရား" ဇာတ်ကားက ဒီနှစ်မှာ ဆုအများဆုံးရခဲ့တဲ့ ဇာတ်ကားပါ။ ဇာတ်ညွှန်းဆု (သီလံ)၊ အမျိုးသမီးဇာတ်ပို့ဆု (ခိုင်နှင်းဝေ)၊ အမျိုးသမီးဇာတ်ဆောင်ဆု (ရတနာဗို)တို့ ပေါင်းစပ်ထားတဲ့ အနုပညာလက်ရာမွန်ကို ရသအစုံအလင်နဲ့ ရင်နင့်အောင်ခံစားကြည့်ရှုကြရပါမယ်။

**ဖေဖော်ဝါရီ (၂၅၊ ၂၆) –**
**"ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး"**

Hein Film Production က ထုတ်လုပ်တဲ့ "ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး" ဇာတ်ကားကတော့ တစ်နှစ်တာရဲ့အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကြီးကိုဆွတ်ခူးထားတဲ့ ဇာတ်ကားဖြစ်လို့ လက်လွှတ်မခံဘဲ အရောက်ကြည့်ရှုခံစားကြရမယ့် ဇာတ်ကားကြီးတစ်ကားဖြစ်ပါတယ်။

စာမျက်နှာ ၁၇ သို့ ☆

# မန်းရွှေစက်တော်ရာဘုရားပွဲတော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**မင်းဘူး ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာ ဘုရားကြီးတွင် ယခုနှစ်ဘုရားပွဲတော်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

**စီစဉ်ဆောင်ရွက်ပေးထား**

"မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကြီးကို တပို့တွဲလဆန်း ၅ ရက်ကစပြီး အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနေပါတယ်။ ဘုရားဖူးလာရောက်ကြသူတွေ ညအိပ်တည်းခိုနားနေနိုင်စေဖို့ တည်းခိုဆောင်နဲ့ ဈေးဆိုင်ခန်းတွေကို သောင်ပြင်မှာ ဆောက်လုပ်ပေး ထားပါတယ်။ ဘုရားဖူးတွေအနေနဲ့ စနေ၊ တနင်္ဂနွေနဲ့ အစိုးရရုံးပိတ်ရက်တွေမှာ လာရောက်လည်ပတ်သူတွေ ပိုများတာတွေ့ရပါတယ်။ ရပ်ဝေး၊ ရပ်နီးက ဘုရားဖူး ရဟန်းရှင်လူမိဘပြည်သူတွေကို တည်းခိုဆောင်တွေအပြင် ဘုရားပရိဝုဏ်အတွင်းက ဓမ္မာရုံတွေမှာလည်း ညအိပ်တည်းခိုရင်း စိတ်အေးချမ်းသာစွာနဲ့ ဘုရားဖူးမြော်နိုင်စေဖို့ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ ဘုရားပွဲတော်ကြီး စတင်ဖွင့်လှစ်တဲ့နေ့ကစလို့ ဒီကနေ့အထိ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေကကိုယ်ပိုင်ယာဉ်တွေ၊ ဘုရားဖူးယာဉ်တွေနဲ့ တောက်လျှောက် လာရောက်နေပြီး ယခင်နှစ်ကထက်စာရင် ဘုရားပွဲတော်လာ ပရိသတ်တွေ ပိုမိုများပြား စည်ကားနေပါတယ်" ဟု မန်းရွှေစက်တော်ရာဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။



မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာ ဘုရားကြီးသည် မြန်မာနိုင်ငံ၏ (က)အဆင့် စာရင်းဝင် ဘုရားကြီးဖြစ်ပြီး မြန်မာနိုင်ငံအတွင်း၌ ထင်ရှားကျော်ကြားပြီး ရက်အရှည်ကြာဆုံး ကျင်းပသော ဘုရားပွဲတော်ကြီးတစ်ခုဖြစ်သည်။ ယခုနှစ် မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက်များအပါအဝင် (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ) ရက်ပေါင်း ၈၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ပွဲတော်ကျင်းပစဉ်ကာလ ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**❖ အာရှဖလားမှ**

ယခုဖွဲ့စည်းလိုက်သည့် ပဏာမလူစာရင်းတွင် ပုံမှန်ပါဝင်နေသည့် ကစားသမားများအပြင် ကစားသမားသစ်များ၊ မျက်နှာသစ်ကစားသမားများအပြင် ကစားသမားအချို့လည်း တစ်ကျော့ပြန်ရွေးချယ်ခံရသည်။

**ပါဝင်ကြ**

မြန်မာ့လက်ရွေးစင်အသင်းတွင် ပဏာမကစားသမားများအဖြစ် ဂိုးသမား- ဇင်ညီညီအောင်၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ နေလင်းထက် (ဟံသာဝတီယူနိုက်တက်)၊ ခန့်မင်းသန့် (ရခိုင်ယူနိုက်တက်)၊ အောင်ကိုလတ် (မဟာယူနိုက်တက်)၊ နောက်တန်း- ဟိန်းဖြိုးဝင်း (နာခွန်ရတ်ချာစီမာ-ထိုင်း)၊ အောင်ဝဏ္ဏစိုး၊ ဖွဲ့ခန့်မင်း၊ ရဲမင်းသူ၊ နန္ဒကျော် (ရှမ်းယူနိုက်တက်)၊ သီဟထက်အောင် (အသင်းလက်မဲ့)၊ ဟိန်းဇေယျာလင်း၊ ကောင်းထက်ပိုင် (ရန်ကုန်ယူနိုက်တက်)၊ ရှင်မွေလင်ိုင်ကီး၊ ဖြိုးပြည့်စုံ (ရတနာပုံ)၊ မြတ်ဘုန်းခန့်၊ အောင်ထွန်းထွန်း (သစ္စာအားမာန်)၊ စိုးမိုးကျော် (အူထိုင်းထာနီ-ထိုင်း)၊ အလယ်တန်း- ဝေလင်းအောင် (နီဂျီရီဆီဘန်လမ်-မလေးရှား)၊ ရှိုင်းဝဏ္ဏအောင်၊ မင်းမော်ဦး (သစ္စာအားမာန်)၊ ဥက္ကာနိုင်၊ အောင်မျိုးခန့်၊ ဇော်ဝင်းသိန်း၊ မောင်မောင်လွင် (ရန်ကုန်ယူနိုက်တက်)၊ စိုးမင်းဦး (ရတနာပုံ)၊ စွမ်းထက်၊ သီဟဇော်၊ မိုးဆွေ၊ အောင်သီဟ (ဒဂုံစတားယူနိုက်တက်)၊ ရဲရင့်ဖြိုး (ဧရာဝတီယူနိုက်တက်)၊ အောင်နိုင်ဝင်း (ရခိုင်ယူနိုက်တက်)၊ လွင်မိုးအောင် (မဟာဆာရာခမ်-ထိုင်း)၊ ကျော်မင်းဦး (တီရန်ဂါနူး-မလေးရှား)၊ မြတ်ကောင်းခန့်၊ ခွန်ကျော်ဇင်ဟိန်း၊ ရဲရင့်အောင် (ရှမ်းယူနိုက်တက်)၊ ဟိန်းထက်အောင် (ကီလန်တန်-မလေးရှား)၊ ရှေ့တန်း- ဝင်းနိုင်ထွန်း (ရန်ကုန်စီးတီး)၊ သန်းတိုးအောင် (ဟံသာဝတီယူနိုက်တက်)၊ သန်းပိုင် (ထရတ်-ထိုင်း)၊ ရန်ကျော်ထွေး (ဒဂုံစတားယူနိုက်တက်)၊ ပြည့်စုံအောင် (သစ္စာအားမာန်)၊ ပြည်မိုး (ရတနာပုံ) တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများအဖြစ် မတ် ၂၆ ရက်တွင် ကာတာနိုင်ငံ၌ အာဖဂန်နစ္စတန်အသင်း၊ မတ် ၃၁ ရက်တွင် ပါကစ္စတန်နိုင်ငံ၌ ပါကစ္စတန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယင်းနှစ်သင်းစလုံးကို ပထမအကျော့ အိမ်ကွင်းပွဲတွင် အနိုင်ကစားထားသည်။

**ကိုညီလေး**

## မော်လိုက်မြို့၌ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**မော်လိုက် ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့တွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မြို့ပေါ်ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက စတင် ဆောင်ရွက်ပေးသည်။



ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ခြင်းများကို မြို့မကျောင်း၊ တောင်တလုံး၊ နိဗ္ဗာန၊ ကြောင်ပန်း၊ ဒီပင်္ကရာ၊ တပ်ဦးဘုန်းတော်ကြီးကျောင်းတိုက်တို့ရှိ သံဃာတော်အရှင်သူမြတ်များ၊ တရားစခန်းဝင်သည့် သက်ကြီးအဘိုးအဘွားများနှင့် စိန်ရွှေသီလရှင်ကျောင်းရှိ သီလရှင်များအား ခရိုင်ဆရာဝန်ကြီး ဒေါက်တာကျော်စိုး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများနှင့် NGO အဖွဲ့အစည်းများက ကျန်းမာရေးစမ်းသပ်ခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွေးစစ်ခြင်း၊ ဆေးထိုးပေးခြင်း၊ ဆေးကပ်လှူခြင်းများနှင့် အာဟာရပစ္စည်းများထောက်ပံ့ပေးအပ်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုထက်(ပြန်/ဆက်)**



## တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပွဲကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၁၁**

မန္တလေးမြေလျှင်ကြီးကြောင့် ထိခိုက်ယိုယွင်းခဲ့သည့် တောင်ငူဘုရင်မင်းခေါင် တည်ထားကိုးကွယ်ခဲ့သော တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး စိန်ဖူးတော်သစ်၊ ငှက်မြတ်နားတော်သစ်၊ ရွှေထီးတော်တင်လှူပွဲ၊ ခေါင်းလောင်းတော်၊ ငှက်ပျောဖူးတော်တွင် ရွှေစင်ရွှေပြား ကပ်လှူပူဇော်ခြင်းမင်္ဂလာနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မတည်အလှူရှင် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး+ဇနီး ဒေါ်ဝင့်ရည်အေးမိသားစုနှင့် ခုနစ်ရက်သားသမီးအလှူရှင်များက သံဃာတော်အရှင်မြတ်များထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်အပ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်တွင် ပက်ဖျန်းချည်နှောင်ပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်၊ ရွှေထီးတော်များကို ယာယီစံကျောင်းမှ ပန်းရထားဖြင့် ပင့်ဆောင်မည့် မင်္ဂလာမဏ္ဍပ်သို့ စေတီတော်အား လက်ယာရစ်တစ်ပတ်ပတ်ပြီး ပင့်ဆောင်သည်။

ထို့နောက် ခုနစ်ရက်သားသမီးအလှူရှင်များက သတ်မှတ်နေရာအသီးသီးတွင်နေရာယူ၍ ထီးတော်ဘုံအဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ပန်းရထားဖြင့် အစီအစဉ်အတိုင်း တင်လှူပူဇော်ပြီး ဆရာတော်အရှင်မြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

**❂ ကျောဖုံးမှ**

မန်ယူအသင်းဟာ လက်ရှိပရီမီယာလိဂ်ပွဲစဉ် (၂၆) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၅ မှတ်စုဆောင်းထားနိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့် (၃) နေရာက အက်စတွန်ဗီလာအသင်းနဲ့ နှစ်မှတ်အကွာ အဆင့် (၄) နေရာ မှာ ရပ်တည်နေတာဖြစ်ပါတယ်။

ဖေဖော်ဝါရီ ၁၀ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပါးအသင်းနဲ့ နယူးကာဆယ်အသင်းတို့ပွဲစဉ်မှာတော့ စပါးအသင်းအနေနဲ့ အိမ်ကွင်းမှာ နယူးကာဆယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

အဲဒီလိုရှုံးပွဲကြုံခဲ့ခြင်းဟာ စပါးအသင်းအတွက် ပရီမီယာလိဂ်နောက်ဆုံး ၁၇ ပွဲမှာ နှစ်ပွဲသာ အနိုင်ရရှိခဲ့ပြီး ရမှတ် ၂၉ မှတ်နဲ့ အဆင့် (၁၆) နေရာမှာသာရပ်တည်နိုင်ခဲ့တာကြောင့် နည်းပြ သောမက်ဖရန့်ကိုလည်း အသင်းနည်းပြအဖြစ်ကနေထုတ်ပယ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

**ပြည်ထောင်စုကြီး တိုးတက်ဖို့ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**☆ စာမျက်နှာ ၁၆ မှ**

**ဖေဖော်ဝါရီ (၂၇၊ ၂၈) - "နတ်ဝင်သည်"**

W Entertainment ရုပ်ရှင်ထုတ်လုပ်ရေးရဲ့လက်ရာ "နတ်ဝင်သည်" ဇာတ်ကားနဲ့ ပွဲတော်ကိုအဆုံးသတ်မှာဖြစ်ပြီး အဲဒီဇာတ်ကားက ရုပ်ရှင်အသံထူးချွန်ဆုရှင် "ကိုဂျိုး"ရဲ့ အသံဖန်တီးမှုအနုပညာစွမ်းရည်တွေက ဇာတ်ကားကို ဘယ်လိုရုပ်လုံးကြွ သက်ဝင်လာစေသလဲဆိုတာကို ကြည့်ရှုခံစားကြရမှာဖြစ်ပါတယ်။

ယခုနှစ်မှာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရခဲ့ကြတဲ့ ဇာတ်ကားတွေ ဘာကြောင့်ထိုက်ထိုက်တန်တန် ဆုတွေရရှိခဲ့သလဲဆိုတာ ကိုယ်တိုင်ကိုယ်ကျ အကဲဖြတ်နိုင်ဖို့၊ အဲဒီဇာတ်ကားတွေရုံတင်စဉ်က မကြည့်လိုက်ရသူတွေ ကြည့်နိုင်ကြစေဖို့ ဒါမှမဟုတ် ကြည့်ပြီးသူတွေလည်း ထပ်မံကြည့်ရှုခံစားနိုင်စေဖို့၊ ပြီးတော့ မိမိတို့ ချစ်ခင်အားပေးရတဲ့ အနုပညာရှင်တွေရဲ့ အောင်မြင်မှုကို အတူတကွ ဂုဏ်ပြုဖို့အတွက် လာမယ့် မတ်လ ၈ ရက်နေ့မှာ ကျရောက်မယ့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကယ်ဒမီဆုရ ဇာတ်ကားကောင်းတွေကို သတ်မှတ်ရုံဝင်ကြေးနဲ့ တစ်နေရာတည်းမှာ စုစည်းကြည့်ရှုနိုင်ကြမယ့် ရန်ကုန်မြို့ မိုးကောင်းလမ်းမကြီးပေါ်ရှိ Star Cinema ကို အရောက်လှမ်းခဲ့ကြဖို့ ရုပ်ရှင်ချစ်သူအားလုံးကို လေးစားစွာနဲ့ ဖိတ်ခေါ်လိုက်ရပါတယ်။ ။

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ပုသိမ်မြို့အဝင် အဆင့်မြင့်မြေယာရှုခင်းဖွင့်ပွဲအခမ်းအနား တက်ရောက်

**ပုသိမ် ဖေဖော်ဝါရီ ၁၁**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့အဝင် အဆင့်မြင့်မြေယာရှုခင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်-ရန်ကုန်ကားလမ်းဘေးရှိအဆိုပါနေရာတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ဖွင့်လှစ်သည်။

ဦးစွာ ပုသိမ်မြို့အဝင် အဆင့်မြင့်မြေယာရှုခင်း ဖွင့်ပွဲအခမ်းအနားကို ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြေယာရှုခင်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။




ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူးက ပုသိမ်မြို့အဝင် အဆင့်မြင့်မြေယာ ရှုခင်းဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကန်သုံးဆင့် အပန်းဖြေဥယျာဉ်အပိုင်း(၃) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ကန်သုံးဆင့်အပန်းဖြေဥယျာဉ်အပိုင်း(၃)ကို တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ ကမ်းနားလမ်း တိုးချဲ့ဆိပ်ခံတံတား ဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပုသိမ်ဆိပ်ကမ်း၌ အလျား ၃၄ ပေ၊ အနံ ၁၄ ပေရှိ ဗိုလ်မြတ်လေး သံကူကွန်ကရစ်ရေဆင်းဆိပ်ခံတံတားနှင့် အလျားပေ ၄၀၊ အနံ ၁၄ ပေရှိ ခရီးသည်နားနေဆောင် ဖွင့်ပွဲအခမ်းအနားသို့ လည်းကောင်း တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ



**ထားဝယ် ဖေဖော်ဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (၂၀၂၅-၂၀၂၈) သက်တမ်း ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲက ထားဝယ်မြို့ ထားဝယ်ဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးပြောကြား**

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းဇော်မြင့်က နှုတ်ခွန်းဆက်အဖွင့် အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးဦးက တနင်္သာရီတိုင်းဒေသကြီးအတွင်း စားအုန်းဆီ တင်သွင်းဖြန့်ဖြူးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

**ရွေးချယ်ဖွဲ့စည်းပေး**

ဆက်လက်၍ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးငွေးမိုး ဦးဆောင်သောအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအတွက် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်များအား ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြသည်။

**ကျော်ဆန်းမြင့်**



ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင်ပြည်သူ့ဆေးရုံ၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၁ ရက်က ကလောခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းရာ ကလောခရိုင်ပြည်သူ့ဆေးရုံ ဆေးရုံအုပ် ဒေါက်တာဝင်းသန္တာဖြူက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

ကျော်ဝင်း(ကလော)



ရမည်းသင်းမြို့နယ်၌ ခရိုင်/ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ဦးဆောင်၍ မြို့မဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်း ဓာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က မြို့မဈေးအတွင်း ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို စစ်တုရင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**ရမည်းသင်း ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို လူသစ်တန်း(အမျိုးသား/အမျိုးသမီး) စစ်တုရင်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ တို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ယနေ့မွန်းလွဲ ၃ နာရီတွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ခရိုင်အား/ကာ ဦးစီးမှူး ဒေါ်ထက်ထက်ဝင့်၊ ခရိုင်ပြန်/ဆက် ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဂန့်ဂေါမြို့၌ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ဂန့်ဂေါ ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် ခရိုင်အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲက ခရိုင်ပြည်သူ့အားကစားကွင်းကြီး၌ ကျင်းပသည်။

ဦးစွာ ဂန့်ဂေါခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က ဗိုလ်လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည့် အမှတ်(၄) အသင်းနှင့် ပြစ်မအသင်းတို့မှ အားကစားသမားများအား တွေ့ဆုံ၍ အားကစားစိတ်ဓာတ်ပြည့်ဝစွာဖြင့် ယှဉ်ပြိုင်ကစားသွားကြရန် အမှာစကားပြောကြားပြီး ဗိုလ်လုပွဲကိုယှဉ်ပြိုင်ကစားရာ အမှတ်(၄)အသင်းက ပြစ်မအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ပထမဆုရရှိသည့် အမှတ်(၄)အသင်းအား လည်ဆွဲဆုတံဆိပ်များ၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲများကို ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၉ ရက်အထိ ခရိုင်ပြည်သူ့အားကစားကွင်းကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**မောင်မျိုးမင်း**



## မြန်မာ့သဘာဝ ရေရှည်တည်တံ့မှုဖော်ဆောင်ရေးအသင်း (MSNRA) ၏ နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာ့သဘာဝ ရေရှည်တည်တံ့မှုဖော်ဆောင်ရေးအသင်း (MSNRA) ၏ နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို UMFCCI တာဝါ၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၌ (၁၀-၃-၂၀၂၆) နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူအသင်းသားများ တက်ရောက်ချီးမြှင့်ပေးကြပါရန် သိရှိလိုသည်များနှင့် အကြံပြုလိုသည်များကို ကြိုတင်အကြောင်းကြားပြီး စာဖြင့်ရေးသား၍ အသင်းရုံးသို့ ပေးပို့ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- FMI-8၊ မြေကွက်အမှတ်- ၂၄၈၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်- ဂျီ-၃၃၊ ချယ်ရီလမ်း၊ (၄)ရပ်ကွက်၊ FMI City၊ လှိုင်သာယာမြို့နယ်၊ ဒေါ်ကြည်ကြည်ဟန် [၁၂/ကမရ(နိုင်)၀၁၃၂၇၅] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်အား အမည်ပေါက် ဒေါ်ကြည်ကြည်ဟန် (ဇနီး)သည် (၁၂-၁၀-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဦးစိန်ဝင်း [၁၂/ကမရ(နိုင်)၀၁၃၁၃၇] (ခင်ပွန်း)မှ တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်ကြောင်း၊ အခြားသော ခင်ပွန်းတစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ ၎င်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှ မရှိကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁-ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၂၃)၊ အကျယ်အဝန်း (၄၁ ပေx၆၀ ပေ)ရှိ ဦးကြည်ဟန် (TBN-၀၂၅၄၂၃)[၁၂/မရက(နိုင်)၀၇၇၈၄၄] အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးကြည်ဟန်မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါအိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးရဲထွန်း [၁၂/လကန(နိုင်)၀၈၆၂၅၉]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း- ၀၉-၅၀၉၂၉၇၂၊ ၀၉-၄၃၀၆၄၆၇၆**

## အယူခံမှုကို ဆိုင်ရန်ချိန်းဆိုသည့် နေ့ရက်ကိုအယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၄၈

ဒေါ်အိအိလွင် နှင့် ဦးသက်နိုင်ဦး
**(အယူခံတရားလို)** **(အယူခံတရားပြိုင်)**

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်စွဲပါ ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၇၀/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၇)ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ အမှတ်(၁၀) နေ ဦးသက်နိုင်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ မတ်လ (၅) ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၃ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသောအချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ **ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်မော်တော်ယာဉ်ဝင်းမြေဧရိယာ(၁.၂၀)ဧက ငှားရမ်းခြင်းအတွက်** မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၁-၂-၂၀၂၆ မှ ၂၄-၂-၂၀၂၆ ထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊နေပြည်တော်

၄။ တင်ဒါလျှောက်လွှာပိတ်ရက် - ၂၅-၂-၂၀၂၆ ရက်နေ့၊ (၁၃:၀၀)နာရီ။

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၃၄၁၀၂၁၀၊ ၀၆၇-၃၄၁၀၅၁၈ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-V ၁၈၂၊ မြေကွက်အမှတ် (၃စီ၂)၊ **ဒေါ်ညွန့်ညွန့်ရီ [၁၂/တမန(နိုင်)၀၂၁၀၁၀]**ပိုင် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော တိုက်အမှတ်- ၃၂ (ဘီ-၆)၊ (၂) ခန်းတွဲ (၇)ထပ်တိုက်အဆောက်အဦတွင် တည်ရှိသည့် (၆) လွှာ (ခေါင်းရင်းခန်း)၊ (၁၂ ၃/၂ ပေ x ၅၀ ပေ) အကျယ်အဝန်းရှိ ရေမီးအစုံတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် (၃-၁၂-၂၀၂၄)ရက်နေ့က ဝယ်ယူခဲ့ပြီး လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ **ဒေါ်အဲဖြူ [၉/ပဥလ(နိုင်)၀၁၃၈၉၈]**က လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော **ဦးအောင်ဝင်းစော [၁၁/မပတ(နိုင်)၀၃၂၇၂၅] နှင့် ဒေါ်စိုးစိုးနွယ် [၁၁/မပန(နိုင်)၀၈၄၆၇၂]** တို့က ဝယ်ယူရန် သဘောတူညီကြသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)ဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးသိန်း LL.B (Advocate)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၈၃၈၁ (၁၆-၁၀-၂၀၂၃)**
**အမှတ် (၈၃)၊ အခန်း (၁၄/ဒီ)၊ ဒုထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၁၃၅၇၅၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ် (၁၃၂၈)၊ အကျယ်အဝန်း(၄၁ ပေx၆၀ ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၃၂၈)၊ မင်္ဂလာသုခ(၁)လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိမှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သော်တာဦး [၁၂/လသန(နိုင်)၀၁၇၀၂၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရတနာဖြိုး [၁၂/ဗဟန(နိုင်)၀၉၁၅၈၇] က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် (၈-၂-၂၀၂၆)ရက်နေ့က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရတနာဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ပြုံးလှိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၁၉)**
**ဖုန်း - ၀၉-၄၂၃၆၅၄၀၄၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် ၁၀၄၈/ခ၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၁၀၄၈/ခ)၊ သီတာလမ်း၊ (၂)ရပ်ကွက်၊ ဦးသိန်းဆင့် (CE-၀၈၆၃၁၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးသိန်းဆင့် ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်တင်အုန်းထံမှ (၁-၁၁-၂၀၂၂)ရက်စွဲပါအရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ဖြူဖြူဝင်းမှ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၅၆/၂၀၂၅ ဖြင့် ဒေါ်တင်အုန်းအပေါ် ပဋိညာဉ်အတိုင်း အိမ်ခြံမြေမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ(၁၁-၄-၂၀၂၅)ရက်နေ့က အထက်ဖော်ပြပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်-၁၀၀/၂၀၂၅(၂၈-၅-၂၀၂၅) ရက်စွဲပါ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်နွေးဥက္ကာ [၁၄/မအန(နိုင်)၂၁၈၂၇၃]မှ ဖော်ပြပါတရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်း၊ ဝင်စာအမှတ်-၁၂၃၉၃/၁၃-၁၁-၂၀၂၅ ရက်စွဲဖြင့် (၁၉၉၅) ခုနှစ်တွင် မြေအမည်ပေါက် ဦးသိန်းဆင့်မှ မြေပုံကူးလျှောက်ထားခြင်းနှင့် (၂၀၁၁)ခုနှစ် ဒေါ်တင်အုန်းမှ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းတို့အား အဆိုပါမြေကွက်နှင့် နေအိမ်အရောင်းအဝယ်စာချုပ်ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားခြင်းဖြစ်၍ မိမိမှ သိရှိခဲ့ခြင်းမရှိသည်မှာ မှန်ကန်ကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ ဒေါ်ဖြူဖြူဝင်း၏ ဝန်ခံကတိပြုကျမ်းကျိန်အမှတ်-၂၃၇၇/၂၀၂၅/၁၉-၁၁-၂၀၂၅၊ ဝင်စာအမှတ်-၇၂၁/ ၂၀-၁-၂၀၂၆ ရက်စွဲဖြင့် မြေပြင်ရှိ (၃)ထပ်တိုက်နေအိမ်တွင် တရားနိုင် ဒေါ်ဖြူဖြူဝင်းမှ ငှားရမ်းထားသူ ဦးကျော်မိုး နေထိုင်ခြင်းနှင့်ပတ်သက်၍ အပြည့်အဝတာဝန်ယူကြောင်း၊ အိမ်ရှင်အိမ်ငှားစာချုပ် ပူးတွဲတင်ပြ၍ ဘီလစ်နွေးဥက္ကာမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန နေပြည်တော် လျှောက်လွှာခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | အနိမ့်ဆုံးပညာအရည်အချင်း | အသက် |
|---|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀ိ-၂၀၀၀ိ-၁၉၀၀၀၀ိ) (အမျိုးသား/အမျိုးသမီး) | (၁)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ | ၃၁-၁-၂၀၂၆ နေ့တွင် (၂၈) နှစ်ထက်မကြီးသူ |
| (ခ) | ဒုတိယလက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၈၀၀၀၀ိ-၂၀၀၀ိ-၁၉၀၀၀၀ိ) (အမျိုးသား/အမျိုးသမီး) | (၁၅)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ (ကွန်ပျူတာစာစီစာရိုက်ဆောင်ရွက်နိုင်သူ) | ၃၁-၁-၂၀၂၆ နေ့တွင် (၂၈) နှစ်ထက်မကြီးသူ |
| (ဂ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀ိ-၂၀၀၀ိ-၁၇၂၀၀၀ိ) (အမျိုးသား) | (၃)နေရာ | အခြေခံပညာအလယ်တန်းအဆင့် (ယာဉ်မောင်းလိုင်စင်ရှိရမည်) | ၃၁-၁-၂၀၂၆နေ့တွင် (၄၅)နှစ်ထက်မကြီးသူ |
| (ဃ) | လုပ်သား(ထမင်းချက်) (၁၄၄၀၀၀ိ-၂၀၀၀ိ-၁၅၄၀၀၀ိ) (အမျိုးသား/အမျိုးသမီး) | (၁)နေရာ | အခြေခံပညာမူလတန်းအဆင့် | ၃၁-၁-၂၀၂၆ နေ့တွင် (၄၅) နှစ်ထက်မကြီးသူ |

၂။ လျှောက်ထားသူသည် -
(က) အပိုဒ်၁(က)(ခ)ရာထူးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်၊
(ခ) အပိုဒ် ၁(က)(ခ) လျှောက်ထားသူများသည်
(၁) ဘွဲ့လက်မှတ်(မူရင်း)တင်ပြရမည်(သို့မဟုတ်) ဘွဲ့ရရှိကြောင်း ယာယီဘွဲ့ ထောက်ခံစာ(မူရင်း)တို့အား တင်ပြနိုင်ရမည်၊
(၂) အမျိုးသားဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၃ လက်မ၊ ကိုယ်အလေးချိန် ၁၁၀ ပေါင် ရှိရမည်၊
(၃) အမျိုးသမီးဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၊ ကိုယ်အလေးချိန် ၁၀၀ပေါင် ရှိရမည်၊
(ဂ) ဆေးအဆင့် (က)ရှိရမည်၊
(ဃ) အပိုဒ် ၁ (ဂ) လျှောက်ထားသူသည် ယာဉ်မောင်းလိုင်စင်(ခ)တင်ပြနိုင်ရမည်၊
(င) လုပ်ငန်းသဘောသဘာဝအရ ကိုယ်အင်္ဂါချို့ယွင်းသူများ မဖြစ်စေရ၊
(စ) နယ်ဘက်တရားရုံးများတွင် အမှုအခင်း ကင်းရှင်းသူဖြစ်ရမည်၊
(ဆ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
(ဇ) ဌာနတွင် အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်နိုင်ရမည်၊
(ဈ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ အငယ်တန်းစာရေးရာထူးနှင့် ဒုတိယလက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူး လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတများကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကို ဆေးစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများပြုလုပ်သွားမည်ဖြစ်သည်၊ ရေးဖြေစစ်ဆေးခြင်းအား ၈-၃-၂၀၂၆ ရက်နေ့တွင် ရုံးအမှတ်(၄၉)၊ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄။ ယာဉ်မောင်း-၅ ရာထူး လျှောက်ထားသူများအား ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးပြီးမှသာ လူတွေ့စစ်ဆေးခြင်းများ ပြုလုပ် သွားမည်ဖြစ်သည်။

၅။ လုပ်သား(ထမင်းချက်)ရာထူး လျှောက်ထားသူများအား လူတွေ့စစ်ဆေးခြင်းကိုသာ ပြုလုပ်မည်ဖြစ်သည်။

၆။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများတွင် ၁၈-၂-၂၀၂၆ ရက်နေ့မှစ၍ ရယူနိုင်သည်၊ ယင်းသတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားခြင်းကိုသာ လက်ခံမည်။

၇။ လျှောက်လွှာလျှောက်ထားခြင်းကို လျှောက်လွှာရယူခဲ့သော သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများသို့ ၂၇-၂-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၈။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါအထောက်အထားစာရွက်စာတမ်းများ ပူးတွဲပါဝင်ရမည်-
(က) ဘွဲ့လက်မှတ်မိတ္တူ(၁၀)တန်းအောင်လက်မှတ်မိတ္တူ(အငယ်တန်းစာရေးနှင့်ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးများအတွက်သာ)
(ခ) သက်တမ်းရှိအလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(ဃ) အိမ်ထောင်စုစာရင်း(မိတ္တူ)
(င) ယာဉ်မောင်းလိုင်စင်(မိတ္တူ)(ယာဉ်မောင်း-၅ရာထူးအတွက်သာ)
(စ) ပညာအရည်အချင်းထောက်ခံချက်(မိတ္တူ)(ယာဉ်မောင်း-၅ ရာထူး၊ လုပ်သား(ထမင်းချက်)ရာထူးအတွက်သာ)
(ဆ) ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရဲစခန်းမှ ထောက်ခံစာ(မူရင်း)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)
(ဇ) (၂)လအတွင်းရိုက်ထားသော ၁.၅" x ၂" အရွယ် ဓာတ်ပုံ(၅)ပုံ (ဓာတ်ပုံနောက်ဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးရန်)
(ဈ) အိမ်ထောင်မရှိ လူပျို/အပျိုဖြစ်ကြောင်း ကိုယ်တိုင်ခံဝန်ချက်(အငယ်တန်းစာရေးနှင့် ဒုတိယလက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးများအတွက်သာ)
(ည) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ခံဝန်ချက်၊
(ဋ) ဌာနတွင် (၃)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကိုယ်တိုင်ခံဝန်ချက်၊
(ဌ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း/ မိတ္တူ၊

၉။ အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၁၀။ ရာထူးခေါ်ယူလျှောက်ထားခြင်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနWebsite www.bsi.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်၊ ၀၉-၉၈၄၆၅၀၀၄၃ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်သည်။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄၊ အသံအနံ့စက်မှုဇုန်)၊ မြေကွက်အမှတ်(၂၆၈)အား မူလအမည်ပေါက် ဦးအေးလွင်ထံမှ တစ်ဆင့်ဝယ်ယူထားသူ ဒေါ်မေသရဖူ [၁၂/ဥကမ(နိုင်)၂၆၀၂၄၄]၊ ဒေါ်တင်ချိုဝင်း [၁၂/ဥကမ(နိုင်)၀၆၆၆၄၂]မှ စက်မှုလိုင်စင်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း ဤဦးစီးဌာနသို့သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား (မူရင်း)များ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက စက်မှုလိုင်စင်ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဋ)၊ မြေကွက်အမှတ်-၂၁၀၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၂၁၀)၊ ဥဇ္ဇနာ(၈)လမ်း၊ (ဋ)ရပ်ကွက် ဦးစိန် [၁၂/ဥကမ(နိုင်)၁၃၂၉၁၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးစိန်(ဖခင်)သည် (၈-၅-၁၉၉၃) ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ခင်စိန်(မိခင်)သည် (၁၀-၃-၁၉၉၈) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်ကြည်ကြည်ဝင်း [၁၂/ဥကမ(နိုင်)၁၂၄၁၆၈]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၆၁၃၈/၁၆-၁၂-၂၀၂၅၊ ထောက်ခံကျမ်းကျိန် ၂-စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ နှစ်(၆၀)မြေငှားဂရန်မူရင်းမှာ မိမိ၏ လက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အခြားသူသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ ကင်းရှင်းပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်အမှတ်(၁၆၁၃၇/၁၆-၁၂-၂၀၂၅)၊ ရပ်ကွက်ထောက်ခံစာ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ဝင်စာအမှတ် - ၈၅၄/ ၂၂-၁-၂၀၂၆ ရက်စွဲဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးစဉ် (၁၀'X၆၀') (၁)ထပ်ပျဉ်ထောင်(၁)လုံးတွင် ဆွေမျိုးတော်စပ်သူ ဦးသန်းဦးမိသားစု နေထိုင်ခြင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့်ကိစ္စအဝဝကို တာဝန်ယူပါကြောင်း၊ ပိုင်ဆိုင်ကြောင်း မြေပုံရရှိ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုပြီးပါက ဂရန်မိတ္တူလျှောက်ထားရမည်ကို သိရှိကြောင်း ဝန်ခံကတိတို့ ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့စည်ပင်အိမ်ရာ၊ အခန်း (၀၀၁)နေ ဗိုလ်ကြီးမြင့်သိန်း(ငြိမ်း) (၇၂)နှစ် ဒုတိယဌာနမှူး(ငြိမ်း) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သည် ၃-၂-၂၀၂၆ (အင်္ဂါနေ့) ည ၉:၃၀ နာရီတွင် နေအိမ်၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် နာရေးကိစ္စအဝဝကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ရပ်ဝေး/ရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ၁၀-ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ (၄၇-လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်)၊ အမှတ် ( ၁၃၉ )၊ (မြေညီထပ်+ ပထမထပ်)၂- လွှာဟု တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ **ဒေါ်ထွေးကြည် [၁၂/ဗတထ(နိုင်) ၀၂၄၂၅၀]** (ကွယ်လွန်သူ ဦးမင်းဆွေ၏ တစ်ဦးတည်းသောဇနီး)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ တစ်ဦးက ဝယ်ယူရန် တိုက်ခန်း တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅) LL.B,DBL,DML,DIL,DLP**

**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc,Hon(IC), HGP,R.L,D.B.L.**

**ဦးရဲမြင့်ထွန်း LL.B (စဉ်-၂၀၂၃၇)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**HP: 09-5017044, 09-250674940**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)

## မင်္ဂလာဒုံခရိုင်တရားရုံး

## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၇

| | | |
|---|---|---|
| ဦးတင်ဦး | နှင့် | ဒေါ်မီမီဆောင် |
| **(တရားလို)** | | **(တရားပြိုင်)** |

ဒေါ်မီမီဆောင် ၊ အမှတ်-၁၄၈၊ ပန်းမူလမ်းသွယ်နှင့် မြသီတာလမ်းထောင့်၊ VIP (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်စာချုပ်ပါအတိုင်း တရားဝင်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု"**နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ **၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်၊ (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်)** နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် [၁] အမှုနှင့်စပ်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မသိန်းလှိုင်)**

**တွဲဖက်ခရိုင်တရားသူကြီး(၃)**

**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်-၄၉၇၊ ဦးပိုင်အမှတ်-၁၀၁၊ ၈၂ လမ်းနှင့် စန္ဒာမုနိဘုရားမြောက်ဘက်ရှိ ဂရန်မြေကွက်မည်ပေါက်သူ ဦးခင်မောင်ဇော် [၉/မရတ(နိုင်)၀၄၅၈၁၇]၊ ဒေါ်ဆွေဆွေနွယ် [၉/မရတ(နိုင်)၀၂၃၇၉၈]တို့၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၁၀၀၉၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်ဝင်းမာ [၇/ရတန(နိုင်) ၀၀၃၁၃၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၂ ရပ်ကွက်၊ အကွက်အမှတ်- ဆ-၉၊ ဦးပိုင်အမှတ်-၅၉-က၊ ၇၂x၇၃ ကြား၊ ၁၀၉x ၁၁၀ လမ်းကြားရှိ ဂရန်မြေကွက်မည်ပေါက်သူ ဦးကျော်နှစ်[၁၃/ကမန(နိုင်)၀၁၀၁၈၉]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၇/၂၀၁၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သန္တာလင်း[၉/မရတ(နိုင်)၀၀၄၅၀၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၊ မြေကွက်အမှတ်(၃၁၇၉)၊ မဏိပူရလမ်းရှိ ဦးအေးကျော် အမည်ပေါက် မြေချပါမစ်၊ ပါမစ်မြေအမျိုးအစား (၂၅ပေx ၅၀ပေ) ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေပေါ်ရှိ ပျဉ်ခင်း၊ ကျောက်ပြားကာ၊ သွပ်မိုး လူနေအိမ် မီတာ အပါအဝင် မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ရှိထား ပိုင်ဆိုင်သူများဖြစ်သော ဦးဝင်းဖေ၊ ဒေါ်ရီရီဝေ၊ ဒေါ်ခိုင်ရည်မွန်နှင့် ဒေါ်ဝင်းမို့မို့တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုမာက ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကျော်ကျော်နိုင် (LL.B, D.B.L, D.I.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၈၉)**

**အမှတ်(၅၂၈)၊ ရတနာလမ်း၊ သပြေကုန်းအရှေ့ပိုင်း၊ ဒလမြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၅၂၇၀၅၁၄၁**

## "ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ မြေတိုင်းအမှတ်(၃)၊ မြေကွက်အမှတ်(၂၅၇)၊ တိုက်အမှတ်(၃၀)၊ (၆)ထပ်တိုက်၏ မြေညီ(ခြေရင်းခန်း) တိုက်ဘက်မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း အကျယ်အဝန်း (၁၂ ½ပေ x ၅၀ ပေ)ရှိ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်"

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းသည် ဒေါ်သန်းသန်းဌေး [၁၂/ဒပန(နိုင်)၀၂၆၈၁၄]မှ တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာထွန်း [၈/စလန(နိုင်)၁၅၇၀၀၂]မှ ဘဏ်ချိတ်စနစ်ဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ဝါဝါလွင်**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၃၈၉)**

**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၅၂၄၂၄၈၂၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ လူနေရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်-၆၉၈၊ ဧရိယာ(၀.၀၆၂)ဧက၊ အကျယ်အဝန်း(အလျား ၄၅ ပေ x အနံ ၆၀ ပေ)ရှိ ဦးဝင်းစိုး [S/OKA-053925] [၁၂/ဥကတ(နိုင်)၀၂၇၈၆၇]အမည်ပေါက် မခွဲစိတ်ရသေးသည့် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)(ခေါင်းရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဝင်းစိုးက တရားဝင်ပိုင်ဆိုင်ထားရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လက်ဝယ်ရှိကြောင်း၊ ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ ရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူပါသဖြင့် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား(မူရင်း)တို့နှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကြည်သာဦး (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၄၈၄/၂၀၂၁)**

**အမှတ်(၁၉)၊ ရှော်ဖီအိမ်ရာ၊ ဗဟိုလမ်းမကြီး၊ (၇)ရပ်ကွက်၊**

**လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း - 09-887587889, 09-768211112**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁/၁၃)ရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ် (၁၅၀)ရှိ ဒေါ်သိန်းမြင့် [၁၂/လသယ(နိုင်)၀၂၀၉၀၁] (အမည်ပေါက်) နှစ်(၆၀)ဂရန်မြေ ဧရိယာ (အလျား ၄၀x အနံ ၆၀)ပေရှိ မြေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (အလျား ၂၀x အနံ ၆၀)ပေရှိ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်၊ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူပိုင်ဆိုင်လက်ရှိထား နေထိုင်သော ဦးအောင်စံမြ [၁၁/ပဏက(နိုင်) ၁၂၃၁၅၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်မင်းအောင် [၉/တကတ(နိုင်) ၁၁၂၉၇၇]နှင့် ဦးဟန်လွင်စိုး [၁၄/လမန(နိုင်)၁၀၂၃၈၂]တို့က အပြီးအပိုင် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးကျော်ဝင်းနိုင်(LL.B, D.B.L, D.I.T)** | **ဒေါ်မိမိထိုက် (L.L.B)** |
| **(စဉ်- ၁၇၇၆၄)** | **(စဉ်- ၁၇၈၅၆)** |

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၂၁၅)၊ ဗိုလ်တာရာလမ်း၊ (၁)ရပ်ကွက်၊**

**လှိုင်သာယာ(အရှေ့)ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း- ၀၉-၄၂၁၁၃၀၇၄၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၇)၊ ဦးပိုင်အမှတ် ၆၆၊ ၅၄လမ်း၊ ၁၀၇x၁၀၈ လမ်းကြားရှိ တာသ ခင်အောင်ဝင်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်ချိုဝေလွင်က တရားပြိုင် တပ်သား ခင်အောင်ဝင်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားကြီးမှုအမှတ်(၁၆၄/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ချိုဝေလွင် [၁၃/တယန(နိုင်) ၀၉၂၉၉၁]က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၁၀)၊ ဦးပိုင်အမှတ် ၆၁၊ ၄၇x၄၈ ကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ ဦးတင်သန်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်သီသီမေက တရားပြိုင် ဦးတင်သန်းအပေါ် မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၄၀/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်သီသီမေ [၉/မနမ(နိုင်) ၀၉၈၈၅၀]က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**

**မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်**

**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ် (၇၀၂)၊ မြေကွက်တည်နေရာ အမှတ်(၇၀၂)၊ အောင်သီရိလမ်း၊ ၂၈- ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဦးဝေလွင် [၁၂/ပဇတ(နိုင်) ၀၃၀၀၄၉]၊ ဒေါ်မိုးမိုးနွယ် [၁၂/ကတတ(နိုင်)၀၀၆၈၃၇] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ တရားမကြီးမှု အမှတ်-၁၆၂/၂၀၂၅ ဖြင့် ဒေါ်ဥမ္မာစိုးစိုးမှ (တရားလို)ပြု၍ ဦးဝေလွင်၊ ဒေါ်မိုးမိုးနွယ်တို့အပေါ် (တရားပြိုင်) ထားကာ "ကတိပဋိညာဉ် စာချုပ်ပါ အတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"ဖြင့် စွဲဆိုရာ တရားလိုအား မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၂၆-၉-၂၀၂၅)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်-၁၃၇/၂၀၂၅ ၏ (၁၃-၁၁-၂၀၂၅)ရက်စွဲပါ အမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံမြေရာဇဝင်ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၁၃-၁၁-၂၀၂၅) ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ဘီလစ်ဦးအောင်ချစ်မင်းမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်**

**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာအပိုင်း(၂)၊ နှင်းဆီဖြူလမ်း၊ (၈)ခန်းတွဲ (၂)ထပ်တိုက်အဆောက်အဦ၏ အခန်းအမှတ်- R10-D(Row House)၊ နှစ်ထပ်တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဗိုလ်မှူးဝင်းသန်းထံမှ ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ဇင်မီဗိုလ်ဗိုလ်[၁၀/မလမ(နိုင်)၁၇၅၈၁၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ မထက်ထက်လင်းက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်ချို (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၁၁၃)**

**အမှတ်-၂၄၆၊ ၅-လမ်း၊ ၁/က-ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၂၅၀၅၂၁၄၇၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ သုံးခွရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်-၉/၇၄၊ အကျယ်အဝန်း (၂၄x၈၀)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိအဆက်အစပ် စာချုပ်များဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်သန်းဌေး[၁၂/လကန(နိုင်)၀၆၀၀၃၃]မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နှင်းမြအေး (LLB, D.B.L)**

**အထက်တန်းရှေ့နေ (စဉ်- ၃၀၂၈၅)**

**အမှတ် (၁၁၇၇)၊ အောင်ဇေယျလမ်း၊ (၅၅)ရပ်ကွက်၊**

**ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၈၀၀၄၁၄၉၉**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၈၃)နေ (ဘ) ဦးသန်းဝင်း၏ သမီးဖြစ်သူ ဒေါ်စုမြတ်ထက် [၁၀/မလမ(နိုင်)၂၄၁၅၂၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဒေါ်စုမြတ်ထက်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပေးအပ်ထားသည့်စာရင်းပါ အမှတ်စဉ်-၅၄၄၈၇ ဖြင့် (၂၅-၁၁-၂၀၂၁)ရက်နေ့တွင် ဆိုရှယ်မီဒီယာဖြစ်သည့် Messenger မှ ကျွန်ုပ်မိတ်ဆွေ အသုံးပြုနေသည့် Suu Htet အကောင့်သို့ အမျိုးသမီးတစ်ဦးမှ ခြံအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ စတင်သိကျွမ်းခဲ့ရာမှ ထိုအမျိုးသမီးတစ်ဦး၏ ညီမဖြစ်သူမှာ ရှေ့နေဖြစ်ပြီး ရွာမှာရှိနေသောကြောင့် တံဆိပ်တုံး လုပ်ချင်၍ ကျွန်ုပ်မိတ်ဆွေထံသို့ စည်းတံဆိပ်ကိစ္စအား အသေးစိတ်မေးမြန်းခဲ့ရာ ကျွန်ုပ်မိတ်ဆွေမှ သဘောရိုးဖြင့်ထင်မှတ်ကာ အလုံးစုံပြောပြခဲ့မိပါသည်။ ထို့နောက် (၂၅-၁-၂၀၂၆)ရက်နေ့တွင် ကျွန်ုပ်မိတ်ဆွေ အမည်ပါ တံဆိပ်တုံးအတုဖြင့် (၂၅- ၉-၂၀၂၁) ရက်စွဲဖြင့် ထိုအမျိုးသမီးအမည်ပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိ စာချုပ်အား ကျွန်ုပ်မိတ်ဆွေထံသို့ Viber မှတစ်ဆင့် မိတ်ဆွေတစ်ဦးမှ ပေးပို့လာသည်ကို ကျွန်ုပ်မိတ်ဆွေမှ သိရှိခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ စည်းတံဆိပ်အမည် ပါရှိသော စာချုပ်ဖြစ်ပါက ကျွန်ုပ်မိတ်ဆွေထံသို့ ဆက်သွယ်အကြောင်းကြားပြီးမှ အရောင်းအဝယ်ပြုလုပ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အကယ်၍ ကျွန်ုပ်မိတ်ဆွေ စည်းတံဆိပ်အမည် ပါရှိပါလျက်နှင့် ဆက်သွယ်အကြောင်း ကြားခြင်းမရှိပါက ရောင်းမှား/ဝယ်မှားဖြစ်ခဲ့လျှင် ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်စုမြတ်ထက်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ရတနာမင်း (LL.B)**

**အထက်တန်းရှေ့နေ (စဉ်-၅၀၇၈၈) (၂၆-၃-၂၀၁၉)**

**အမှတ်(၉)၊ ဗိုလ်ချုပ်လမ်း၊ မြို့မ(၂)ရပ်ကွက်၊ မုဒုံမြို့၊ ဖုန်း- ၀၉-၇၇၅၄၁၁၃၀၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၉)၊ ဦးပိုင်အမှတ်(၅၇)၊ ၇၃x၇၄ ကြား၊ ၁၁၆x ၁၁၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဌေးလှိုင်စိုး [၁/မမန(နိုင်)၀၂၇၅၄၉] က အမွေထွဲအမှတ်(၅၀၉၉/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၈)၊ ပုဂံ (၁)လမ်း၊ မြေကွက်အမှတ်(၃၂၅)၊ မြေအကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် **ဦးတင်ဌေး(BQ-၀၀၁၈၁၃)**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက် ထံမှ **ဒေါ်နှင်းနုခိုင်[၁၂/ဒဂမ(နိုင်)၀၄၈၁၀၀]**သည် "အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်- ၁၁၄၀၆)** | **(စဉ်- ၅၆၆၆၂)** | **(စဉ်- ၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း- ၀၉-၄၃၁၁၄၆၅၄**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

❖ မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏ မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့် ကျေးဇူးများကြောင့်ပင်ဖြစ် . . .

❖ ရှေးအစဉ်အလာကောင်းများကို အတုယူပြီး မြန်မာတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုအရင်းအမြစ်များ၊ တန်ဖိုးထားမှု စံနှုန်းများ မှေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့ အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ပြုလုပ်သော (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချချတိုက်ပွဲဝင်ခဲ့သည့် အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဒေသတစ်ဝိုက်ရှိ AA လက်နက်ကိုင် အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ရှုပ်ရှုပ်ချချတိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချချတိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ ဘင်ခရာနှင့်ပန်းဖွားအကများ၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချချတိုက်ပွဲဝင်ခဲ့သည့် အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

## ယာယီနည်းပြ ကာရစ်လက်ထက် မန်ယူအသင်း ငါးပွဲဆက်ရှုံးပွဲမရှိစံချိန်တင် စပါးအသင်းက နယူးကာဆယ်ကိုရှုံးပြီး သောမက်ဖရန့်ကို နည်းပြအဖြစ်မှ ထုတ်ပယ်

မန်ယူအသင်းဟာ ဖေဖော်ဝါရီ ၁၀ ရက်ညပိုင်းက ဝက်စ်ဟမ်းအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပါတယ်။



ဝက်စ်ဟမ်းအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဝက်စ်ဟမ်းအသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်မှာ အိမ်ရှင်ဝက်စ်ဟမ်းအသင်းက ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၅၀ မှာ ဆူဆက်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် မန်ယူအသင်းက သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပိုခြောက်မိနစ်မှာ ဆက်ကိုရဲ့သွင်းဂိုးရရှိခဲ့လို့ သရေတစ်မှတ်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ယာယီနည်းပြ ကာရစ်လက်ထက်မှာ မန်ယူအသင်းအနေနဲ့ လေးပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့ပြီး ငါးပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❂

## အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်နှစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၄၄ ဦးဖြင့် ဖွဲ့စည်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မတ်လတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်နှစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၄၄ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❖

**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင် အမျိုးသား ၁၆ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်**

စာမျက်နှာ » ၁၅

---

**မန်းရွှေစက်တော်ရာဘုရားပွဲတော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကား**

စာမျက်နှာ » ၁၇